


မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM
နေမျိုး
ကဗျာဆရာဝံပုလွေ
ခေတ်ပေါ်ကဗျာစာအုပ်
http://mmteashop.com



# ကဗျာဆရာဝံပုလွေ

## ခေတ်ပေါ်ကဗျာစာအုပ်

## နေမျိုး

TYPING - ခရေငယ်

PDF - NYI SAY

http://mmteashop.com

http://mmteashop.com

# လင်းသစ်ရောင်စဉ်

## စိတ်ကူးယဉ်ကျေးမှု အနုပညာလှိုင်းများ

အမှတ်၁၁ / ၆၄ ဂေါက်ကွင်းလမ်း၊ တညင်းကုန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်မြို့။

ဖုန်း - ၇၀၇၄၂၆

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၄၂၀၀၅၉၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၄၂၀၀၅၄၀၆၁၁ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ ဒီဇင်ဘာ ၊ ၂၀၀၆ |
| မျက်နှာဖုံး ပန်းချီ | - ဖေစိုးအောင် |
| ကွန်ပျူတာစာစီ | - လင်းဦးတာရာ |
| အတွင်းဖလင် | - ထွန်းထွန်း |


http://mmteashop.com

http://mmteashop.com

အဖုံးဖလင် - Star

စာအုပ်ချုပ် - ကိုမြင့်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးဇော်မြင့်ဝင်း (color zone)

အမှတ် ၁၈၄(ခ)၊ ၃၁ လမ်းအထက်၊

ပန်းပဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးအောင်စိုးမင်း (လင်းဦးတာရာ)

အမှတ်၁၂၂ (ခ) ဒုတိယထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

တန်ဖိုး - ၇၀၀ကျပ်

# မာတိကာ


ပင်လယ်များကိုဖြတ်သန်းခြင်း

၁။ တစ်ယောက်တည်းစကားပြောခြင်း

၂။ အေးစက်စက်နေ့ရက်များ

၃။ မြို့တစ်မြို့အကြောင်းမိတ်ဆက်

၄။ ဂျင်နီ သင့်ရဲ့လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပါတော့

၅။ မြွေမျိုခံရတဲ့ညများ

၆။ မိမိကိုယ်ကို ဖျော်ဖြေတင်ဆက်မှု

၇။ တနင်္ဂနွေနေ့က ကဗျာဆရာတစ်ယောက်ရဲ့ ရေးသားချက်

၈။ ကြောင်

၉။ ကျွန်တော်ကိုယ်တိုင် နားမလည်တဲ့ကဗျာ

၁၀။ ငှါရဲ့လက်တွေ


http://mmteashop.com

၁၁။ ကုတ်အင်္ကျီ

၁၂။ ဖားပြုပ်

၁၃။ ဉာဏ်ပညာထက်မြက်တဲ့မြို့

၁၄။ လေယာဉ်ပျံ

၁၅။ ဂျက်ကပြောတယ်

၁၆။ ပါမောက္ခကြီးနဲ့ အိမ်ဖော်မလေး

၁၇။ ကဗျာဆရာဝံပုလွေ

၁၈။ အသံ

၁၉။ လူဖြစ်ရတာကောင်းတယ်

၂၀။ မရှိမဖြစ် လိုအပ်သောအရာ ဝတ္ထုများ (အဘိုးကြီး တစ်ယောက် အတွက်)

၂၁။ ဘာမှမရှိခြင်းဥယျာဉ်

၂၂။ ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

၂၃။ ညစာစားပွဲ

http://mmteashop.com

၂၄။ ငါတို့ရွာက ရေကန်ကြီး

၂၅။ ဝက်သိုးကြီး

၂၆။ ဒီဘဝမှာ ငါရတဲ့ဝေစု

၂၇။ သည်ဒုက္ခမှာ မြူးမိတယ်

၂၈။ ကျွန်ုပ်ဆိုက်ရောက်ခြင်း

၂၉။ ငှါဖန်ခွက်ထဲ နှစ်ပတ်လောက်

၃၀။ နွားပြာကြီးအကြောင်းဖွဲ့ခေတ်ပေါ်ကဗျာ

၃၁။ မနက်ပြာ

http://mmteashop.com

# ပင်လယ်များကို ဖြတ်သန်းခြင်း

ကျွန်တော်ဟာ ကဗျာရေးနေမိတဲ့အတွက် ကိုယ့်ကိုကိုယ် မုန်းတီးမိတဲ့ အခါတွေတောင် ရှိပါတယ်။ တစ်ခါတစ်လေမှာတော့ ကဗျာ ရေးနိုင်တဲ့အတွက် ကျေနပ်မိတယ်။ နည်းနည်း ပိုပြီးပြောရရင် တချို့ ကဗျာတွေအတွက် တခမ်းတနား ဂုဏ်ယူမိပါရဲ့။ များသောအားဖြင့် ကဗျာရေးခြင်း၊ မရေးခြင်းအပေါ်မှာ သာမာန်ခံစားမှုမျိုးနဲ့ပဲ ဖြတ်သန်း နေပါတယ်။ ကျွန်တော့်မှာ စိတ်လှုပ်ရှားမှုတစ်ခုက နှင့်နေအောင်ခံစားရပြီး အဲဒီခံစားမှုဟာ အစစ်အမှန်မဟုတ်တဲ့ ကမ္ဘာလောက တစ်ခုထဲကို ရောက်ရှိသွားစေခဲ့တယ်။ အစစ်အမှန်မဟုတ်တဲ့ ဒီကမ္ဘာလောကထဲမှာ ပြောမပြတတ်အောင်ဘဲ ဝမ်းနည်းခဲ့ရ၊ ပြောမပြတတ်အောင်ဘဲ ပျော်ရွှင်ခဲ့ရ၊ အဲဒါတွေ ကင်းစင်သွားချိန်မှ အစစ်အမှန်ကမ္ဘာလောကထဲကို ကျွန်တော်ပြန်ရောက်လာတယ်။ ကျွန်တော် အသေအချာပြောနိုင်ပါတယ်။

အဲဒီအစစ်အမှန် ကမ္ဘာလောကထဲမှာလည်း ဝမ်းနည်းဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာတွေ အပြည့်နဲ့ပါ။ ကျွန်တော်နဲ့ သက်ဆိုင်ခြင်း ရှိတာ မရှိတာကတော့ ပြောပြဖို့ခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ကိုင်တွယ်ကြည့်လိုက်မိတာနဲ့ ဝမ်းနည်းဖွယ်၊ ပျော်ရွှင်ဖွယ် အရာတွေက ကျွန်တော်တို့ကို အစစ်အမှန်မဟုတ်တဲ့ ကမ္ဘာလောကထဲ ရောက်ရှိ သွားစေလို့ပါပဲ။ ကဗျာဆရာဆိုတာ ပျော်ရွှင်ဖို့ပဲဖြစ်ဖြစ်၊ ဝမ်းနည်းဖို့ပဲ

http://mmteashop.com

ဖြစ်ဖြစ် အမြဲတမ်း အဆင်သင့်ဖြစ်နေသူ တွေပါ။ ၂၄ နာရီ အသင့်ဖြစ်နေသူတွေပါ။ သင်ပျော်ရွှင်ရင် သူရယ်မောပြီး၊ သင်ဝမ်းနည်းရင် သူငိုလိမ့်မယ်။ အဲဒါ ကဗျာဆရာပါပဲလေ။ ကျွန်တော်ကတော့ ကျွန်တော့်ကဗျာကြောင့်ပဲ မပျော်ရွှင်နိုင် ဖြစ်ခဲ့ဖူးရဲ့။ ပိုပြီးဆိုးတာက ကျွန်တော့်အချို့ကဗျာတွေကို အခြားသူတွေ ဖတ်မိမှာ စိုးရိမ်မိတာမျိုးပေ့ါ။

ဒါပေမယ့် ပြောပြီးသား စကားကို နောက်တစ်ကြိမ်ပြန်ပြီး အလေးအနက် ပြောရရင် တချို့ကဗျာတွေအတွက် တခမ်းတနား ဂုဏ်ယူမိပါရဲ့။ ကဗျာတစ်ပုဒ်ထက် ကဗျာဆရာရဲ့ဘဝဟာ နားလည်ရ ပိုခက်တယ်လို့ ကျွန်တော်ပြောလိုက်ပါတယ်။ ဒါပေမယ့် ကဗျာကို ခင်မင်ပါ။ ကဗျာကို တန်ဖိုးထားပါ။ ဖြစ်နိုင်ရင် ချစ်မြတ်နိုးပါ။ သဘာဝကြီးရဲ့ အရသာကို ခံစားချင်ရင် မပွင့်သေးတဲ့ ပန်းကလေး တစ်ပွင့်အနားမှာ ငြိမ်ငြိမ်သက်သက် ရပ်နေပါ။ မိုက်မဲမှု အရသာကို ခံစားချင်ရင်တော့ အရက်ပြင်းပြင်းတစ်ခွက်လောက် သောက်ပါ။ ရိုးသားမှုရဲ့ စည်းစိမ်ကို ခံစားချင်ရင်တော့ ကဗျာတစ်ပုဒ်ကို ဖတ်ပါလေ။

**နေမျိုး**

**(ပိတောက်ပွင့်သစ်၊ အမှတ်၃၊ ဧပြီ ၂၀၀၆ မှ)**

http://mmteashop.com

# တစ်ယောက်တည်းစကားပြောခြင်း

မြို့ကြီးရဲ့သွေးတွေ အကုန်စုပ်ယူမယ့် ကြမ်းပိုးတစ်ကောင်

ကျွန်တော် ဖမ်းမိခဲ့တယ်၊ အိပ်ရာထဲမှာ

ဘုံဘိုင်က ရေမလာဘူး (တစ်နှစ်ကျော်ပြီ)

သူမက ကျွန်တော့်ကို လွမ်းပြီးမငိုဘူး (တစ်နှစ်ကျော်ပြီ)

ညစာစားဖို့ အကြောင်းကြားတဲ့ သံကြိုးစာဝင်လာတယ်

ဗာဒံပင်က သူချုပ်တည်းထားခဲ့သမျှကို တစ်ရွက်ပြီးတစ်ရွက် ခြွေချလို့

မရေးရသေးတဲ့ ဝတ္ထုထဲက ဇာတ်ကောင်တွေ စကားပြောနေကြ

"ဒါဆို ...... လူကြီးမင်းက ကျွန်တော့် အဖေပေါ့၊ တွေ့ရတာ ဝမ်းသာပါတယ်" တဲ့

အစီရင်ခံစာ တစ်စောင်မှာ ဖတ်ရတယ်

အဝေးမှာ ကြယ်တွေအူနေကြရဲ့

ကျွန်တော့် လည်ချောင်းတွေ ယားလာတယ် မိတ်ဆွေ

http://mmteashop.com

ဆင်တစ်ကောင်ကို ဘယ်မြွေမှ ကုန်အောင်မျိုနိုင်မှာမဟုတ်ဘူးလို့

ကျွန်တော့်ကို ပြောပြနေတာလား အာဖရိက

ပြေးလပြီးရင် ပြေးလ မလာဘူး

မစ္စတာဂျွန် (ဝမ်းနည်းပါတယ်) မင်းကို ငါမသိဘူး

ကျွန်တော် ငတ်မွတ်ခဲ့ဖူးပုံကို အရသာရှိရှိ ပြန်ပြောနိုင်ပါပြီ

ဒိုင်ယာရီထဲမှာ အချက်ပေးခေါင်းလောင်းတွေမြည်ကြ

ငွေစက္ကူတွေဆီက အနံ့တထောင်းထောင်းရနေပေါ့

ကျွန်တော့်မှာ ငွေစက္ကူမရှိ

စီးကရက် တစ်လိပ်ကို မီးညှိပြီး ငြင်းပယ်ဖို့ ကြိုးစားကြည့်မိပြန်ပေါ့

ငြိမ်သက်ခြင်းဟာ ဇာတ်ညွှန်းနှစ်ခုကို

တစ်ပြိုင်တည်းသရုပ်ဆောင်ရာရောက်သတဲ့

ပျောက်ဆုံးသွားတဲ့ ဖခင်တွေအတွက် သင်္ဘောတစ်စီး ထွက်ခွာခဲ့ပါပြီ

ပျောက်ဆုံးသွားတဲ့ သင်္ဘောတစ်စီးအတွက် ရေငုပ်သမားတွေ ထွက်ခွာခဲ့ပါပြီ

ပျောက်ဆုံးသွားတဲ့ ရေငုပ်သမားတွေအတွက် လင်းပိုင်များ ထွက်ခွာခဲ့ပါပြီ

http://mmteashop.com

ရောမမြို့ကြီး နှင်းတွေထဲမှာ ငြိမ်တိတ်နေချိန်

ကျွန်တော်ဟာ တယောတစ်လက်ထိုးနေခဲ့တယ်။ ။

---



http://mmteashop.com

# အေးစက်စက်နေရက်များ

အချိန်ကာလရဲ့ ဘဏ်တိုက်ကြီးထဲက

စက္ကန့်တွေ ဒရဟောထွက်ကျနေခဲ့ပြီ

စက္ကန့်တွေ … စက္ကန့်တွေ … မြို့လုံးအနှံ့ဖုံးလွှမ်းပြည့်နှက်လို့

လူတွေကို အိုမင်းစေဖို့

အရာဝတ္ထုတွေကို ဆွေးမြည့်စေဖို့

ကမ္ဘာကြီးကို ပိုပြီးရှုံးသွပ်စေဖို့

စက္ကန့်တွေ တဖွဲဖွဲကြဲပက်သွန်ချနေခဲ့သည်။

သင်္ချိုင်းမြေကို သိပ်သည်းစေဖို့

မြစ်များကို တွန့်ကောက်စေဖို့နဲ့

ကြယ်တာရာတွေကို ပိုပြီးအထီးကျန်စေဖို့

အေးစက်စက်စက္ကန့်များ

တဖွဲဖွဲ တသဲသဲနှင့် မြို့လုံးအနှံ့ ဖုံးလွှမ်းပြည့်နှက်လာခဲ့ပေါ့

http://mmteashop.com

ကျွန်တော်က စက္ကန့်တွေကို ဂေါ်တစ်လက်နဲ့ကြုံးပြီး

အခန်းလေးထဲထည့်နေခဲ့တယ်

ပြီးနောက်

အခန်းတံခါးတွေ တဂျိုင်းဂျိုင်းပိတ်လိုက်တော့

အေးသော စက္ကန့်များထဲမှာ နာရီအိုကြီးက ညည်းညူလိုက်သည်

ငါ အကြီးအကျယ် အအေးမိတော့မှာပဲဟေ့ ... တဲ့။

လေယာဉ်တစ်စင်း စက္ကန့်တွေထဲ တိုးဝင်ပျံသန်းသွားသည်။

ဆွေးမြည့်နေသော အင်ဂျင်စက်သံများက သမိုင်းစာအုပ်ထဲမှာ

အက္ခရာတွေအဖြစ်ပေါ်လာပေ့ါ ...

မြို့ကြီးက မေးချင်း တဂတ်ဂတ်ရိုက်လို့

ရေနွေးငွေ့ရထားကြီးက စက္ကန့်တွေတင်ဆောင်ကာ

မနက်ဖြန်မြို့များဆီ ခုတ်မောင်းသွားပြီ

စားသုမဲ့ပေါင်မုန့်များကို တင်ဆောင်ကာ မြည်းလှည်း တစ်စီးမြို့ထဲ ဝင်လာသည်

http://mmteashop.com

စက္ကန့်တောကြီးထဲမှာ လူငယ်တလေဂျပိုး တစ်ယောက် အသားတုံး တစ်တုံးကို

မျိုချနေခဲ့

ဖန်ခွက်ထဲမှာလည်း စက္ကန့်အေးအေးတွေ

စားပွဲပေါ်မှာလည်း အေးစက်စက်စက္ကန့်တွေ

အဖိုးအိုတစ်ယောက်ရဲ့ စဘူးထဲမှာလည်း စက္ကန့်တွေအေးစက်လို့

ဥတစ်လုံးကွဲအက် ငှက်တစ်ကောင်ထွက်လာ ပျံသန်းသွား

မြို့ကြီးပေါ်မှာ နားပြီးတွန်ကျူးလိုက်ပေ့ါ

မြို့ကြီးရဲ့ ကိုယ်ပိုင်အဘိဓမ္မာတွေ အရေခွံလဲကြ

မြို့ကြီးရဲ့ ကိုယ်ပိုင်ရက်စွဲတွေ အရေခွံလဲကြ

မြို့ကြီးရဲ့ ကိုယ်ပိုင်အိပ်မက်တွေ အရေခွံလဲကြ

နေ့နဲ့ညက ခြေချင်းလိမ်လို့ လမ်းမပေါ်မှာ

ဘတ်စ်ကားတစ်စီးက တယောသံကို လမ်းမကြီးအထိ ဆွဲဆန့်လိုက်တယ်

အဘိုးအို တစ်ယောက် သူ့ခြေထောက်ထဲက ဆူးတွေ တစ်ချောင်းပြီး တစ်ချောင်း နှုတ်လို့



http://mmteashop.com

ဂန်ချီစက်တွေက လေးလံတဲ့မေးခွန်းများကို တဖြည်းဖြည်းမ ယူလိုက်ကြပြီ

နာရီအိုကြီးက နို့ပူပူတစ်ခွက်ကို သောက်ကာ အခန်းထောင့်မှာထိုင်လို့

ဆံသဆရာရဲ့ စက်ကတ်ကြေးက ကျွန်တော့်အခန်းထဲမှာ တဒီးဒီးဝဲပျံလို့

လမ်းမပေါ်စက္ကန့်တွေထဲမှာ သစ်ပင်တွေက မှတ်ဆိတ်မွေးရှည်ရှည်တွေ ထွက်လာကြ

ယူစရာသံဝေဂ ဘာမှလက်ကျန် မရှိတော့တဲ့ ၃၂ ကောဌာသကြီးက ခုန်ဆွခုန်ဆွနဲ့

ကောင်းကင်တီးဝိုင်းက ကျယ်လောင်လောင် တောက်တောက်ပပ

ဒရမ်ကြီးကလည်း တုန်ခါလို့

ပင်လယ်ထဲမှာလည်း စက္ကန့်တွေ အေးစက်စီးဆင်းနေ

အဝေးကသင်္ဘောတစ်စီး ခုတ်မောင်းလာ၊ သံလိုက်အိမ်မြှောင်ဟာ

တောင့်တင်းအေးခဲလို့

ကျွန်တော်ရဲ့ ကပ္ပတိန်ဟာ စက္ကန့်တွေခွာချဖို့ အမိန့်ပေးရင်းကမ်းကပ်ဖို့

ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ။ ။

http://mmteashop.com

# မြို့တစ်မြို့အကြောင်း မိတ်ဆက်

လမ်းပေါ်မှာ ယူစရာသံဝေဂတွေ

ဖွေးဖွေးလှုပ် ပြန့်ကျဲနေတဲ့ မြို့

အဝါးရခက်တဲ့ပေါင်မုန့်နဲ့ ကဗျာဆရာထွက်တဲ့မြို့ပေါ့

ဘဝင်မြင့်နေတဲ့ တိမ်တိုက်တွေ

နောင်တရ မျက်ရည်ကျရာမြို့

တယ်လီဖုန်း ဝိုင်ယာကြိုးထဲမှာ သူ့ဒဏ်ရာတွေ

တုန်ခါစီးဆင်းနေတဲ့မြို့

ပုရစ်ကြော်၊ ယန်းပေါ်ဆက်နဲ့ ဘောလုံးပွဲကြိုက်နှစ်သက်တဲ့မြို့

ကဖေးဆိုင်၊ အရက်ဆိုင်နဲ့ Rotten eggs တွေ စည်ကားရာမြို့

နွားနို့နဲ့ ဖဲချပ်တွေ စာတိုက်က သောကြာနေ့တိုင်း ရောက်လာတတ်တဲ့မြို့

မိုက်မဲမှုတွေ အတောင်ပေါက်ကာ ပျံဝဲတဲ့ရာသီဥတု သူ့မှာရှိတဲ့ မြို့



http://mmteashop.com

အရိုးများတဲ့ အတွေးအခေါ်နဲ့ သဘော်ပျက်တွေ အရောင်းအဝယ်ဖြစ်ရာမြို့

လကွယ်ညတိုင်း ထရိုဂျင်မြင်းတွေ မှောင်ထဲမှာခုန်ပေါက်မြူးတူးရာမြို့

လူပျောက်ကြော်ငြာထဲမှာ ဘယ်တော့ သူ့နာမည်ပါလာမလဲလို့

စောင့်ဖတ်နေတဲ့မြို့

မြို့တစ်မြို့ဆီ ခရီးထွက်ဖို့စဉ်းစားနေတဲ့မြို့

သူ့ကိုယ်သူ မြို့မှန်းမသိတော့တဲ့ မြို့ပေါ့

ညအခါ သူ့အိုတွေ ကျမ်းစာရွက်ဖတ်ချိန်

တစ္ဆေကြယ်တွေမှောင်ထဲမှာ ရွှေ့လျားရာမြို့

သူ့ဦးခေါင်းထဲကို ကွန်တစ်ချက်ပစ်လိုက်ယုံမျှ

ဆာလောင်နေတဲ့ငါးတွေ တဖျပ်ဖျပ်ရနိုင်ရာမြို့

ဘယ်သူဟာ အပျော်သဘောနဲ့ ကိုယ့်ကိုယ်ကို နာကျင်အောင်လုပ်မလဲလို့

တွေးခေါ်ခဲ့ဖူးသူမြို့ပေါ့

ပျော်ရွှင်မှုတွေဆီ ခုန်ချလိုက်တိုင်း ဘယ်တော့မှ

လေထီးမပွင့်သူမြို့ (ချိုင်းထောက်နဲ့ပတ်တီးကိုမုန်းသတဲ့)

http://mmteashop.com

ပြတင်းဝမှာ ညနေတိုင်း

အောက်မြည်နေတဲ့မျက်လုံးတစ်စုံနဲ့ ထိုင်ငေးတတ်သူမြို့ပေါ့

သူ့အတ္ထုပ္ပတ္တိကို သူကိုယ်တိုင်ရေးပြီး

မီးရှို့ပစ်ခဲ့သူမြို့

အဲဒီမြို့ဟာ သင့်ဆီကို မတ်လ (၄) ရက်နေ့မှာ

အရောက်ထွက်ခွာလာမှာ ဖြစ်ပါတယ်မိတ်ဆွေ။ ။

http://mmteashop.com

# ဂျင်နီ သင့်ရဲ့လက်နှိပ်ဓာတ်မီးကိုပိတ်လိုက်ပါတော့

ရေဆိုးမြောင်းထဲမှာ သံချေးတက်နေတဲ့ ငါးတွေကူးခပ်နေကြ တလှုပ်လှုပ်

မျက်ကန်း ဖားတစ်ကောင်ကတော့ ခုန်ဆွခုန်ဆွ ပြီးတော့ ခုန်ဆွ နောက်ခုန်ဆွနဲ့ လမ်းမပေါ်

အိမ်မပြန် တတ်တော့တဲ့ မော်တော်ကားတွေ ကတ္တရာ လမ်းမပေါ် မျက်စိလည်နေကြ

ရုပ်ရှင်ရုံတွေမှာ " UFO တွေရောက်လာပြီ " ဆိုတဲ့ဇာတ်ကား ပြနေ

လူတွေကြိတ်ကြိတ်တိုးလို့...။

ဗျိုး . . ဂျင်နီ

ကင်မရာရှေ့မှာ လူကြမ်းတွေမှောက်မှောက်လဲသွားအောင်

ဘာဖြစ်လို့ ခဏ ခဏ ဖန်ဆင်းရတာလဲ။

http://mmteashop.com

အစာရှာသူ ခွေးမကြီးကို လော်ရီကားကြီး တစ်စင်း အရှိန်ပြင်းပြင်း ဝင်ကြိတ်သွား

သွေးတွေ အိုင်ထွန်းပွက်ကျ၊ အဲဒီသွေးကို ခွေးကလေးတွေ လျက်နေကြရဲ့

အရက်ပြတင်းတွေ တစ်ပြိုင်တည်းပွင့်လာ၊ လူတွေဒရွတ်ဆွဲကြလို့

အရက်ခိုး၊ ချွေးနံ့ဟောင်ဟောင်၊ ချေးညှော်အထပ်ထပ် ၊ မလတ်မဆတ်

အသားတုံးတွေ၊ နမ်းဖတ်ချဉ်၊ အဆင်မပြေမှုနဲ့ သင်တုန်းဓားတစ်လက်…။

ဗျိုး . . ဂျင်နီ

ယာဉ်ထိန်းရဲတွေကို ဝီစီသံစူးစူးမြည်အောင် ဘာဖြစ်လို့ ခဏခဏ

ဖန်ဆင်းရတာလဲ။

ထပ်ခိုးပေါ်မှာ ခိုတွေညည်းနေကြ

ပေါက်ပြဲနေတဲ့ ဗိုင်ယာတွေက လှုပ်လိုက်တိုင်း မီးပွားတွေလွင့်ကျလို့

ဆောက်လက်စတိုက်ရဲ့ ပဉ္စမမြောက်အထပ်က အုတ်ခဲတစ်လုံး ပြုတ်ကျလာ

လေထဲမှာရပ်တန့်သွား

http://mmteashop.com

ဗျိုး . . . ဂျင်နီ

ကြွက်ထောင်ချောက်ထဲမှာ အသားတုံးကြီးကြီးတွေကို

ဘာဖြစ်လို့ ခဏ ခဏ တပ်ဆင်ရတာလဲ။

နာရီစင်တွေက မြို့ကြီးကိုတုန့်ခနဲ ရပ်တန့်မသွားအောင် ကာကွယ်နေကြ

သူတောင်းစားတစ်ယောက်က သူ့လက်ဖဝါးကို ဖြန့်ပြလို့ (အင်္ဂါမစုံ)

ဒီကနေ့ရရှိတဲ့အဖြေတွေဟာ မနက်ဖြန်မှာမေးခွန်းတွေဖြစ်သွားဦးမှာပဲတဲ့

ဝှက်ဖဲတစ်ချပ်က " ကျွန်တော်ဒီမှာဗျ" လို့ထအော်နေ

"ဝံပုလွေများသာ" တဲ့ ကဖေးဆိုင်ဆီက ညှော်နံ့တွေရပေါ့...။

ဗျိုး . . . ဂျင်နီ

မအောင်မြင်သေးတဲ့ ကဗျာဆရာတစ်ယောက်အတွက်

ဘာဖြစ်လို့ ကာရံ ခဏ ခဏ ဝှက်ထားရတာလဲ။

http://mmteashop.com

အသံထွက်ဒဏ်ရာတစ်ခု အခန်းနံပါတ်၃၆ မှာတည်းခိုနေ

ကမ္ဘာ့ဦး သားကောင်တွေ ခေါင်းချင်းဆိုင်ကာ အကြီးအကျယ် တွေးခေါ်နေကြ

ကောင်းကင်ဘုံက ရိုက်လိုက်တဲ့ သံကြိုးစာ ကမ္ဘာ့မြေပေါ်မှာ ပျောက်ဆုံးသွား

(လိပ်စာများလို့ဆိုပဲ)

သင်တုန်းဓားထဲမှာ သံသယတွေ မပါပါစေနဲ့…။

ဗျိုး . . . ဂျင်နီ

သင့်ရဲ့မှတ်ဆိတ်မွေးတွေကို ဆံသဆရာ မမြင်အောင်

ဘာဖြစ်လို့ ခဏခဏ ဝှက်ထားရတာလဲ။

နံရိုးတစ်ချောင်း မပါသူက စွတ်ပြုတ်ပူပူတစ်ပွဲကို လိုက်ရှာနေ

သားသတ်ရုံထဲမှာ ဦးခေါင်းမပါတဲ့နွားကြီး လှည့်ပတ်ပြေးနေ

သံလိုက်တုံးတစ်တုံးက ပင်အပ်၊ ဘလိပ်ဓား၊ သံမှို ၊ သံတိုသံစတွေကို ဆွဲငင်လို့

http://mmteashop.com

http://mmteashop.com

ဗျိုး . . . ဂျင်နီ

ဘာဖြစ်လို့ ကောင်းကင်ကို အပေါက်တွေထွင်းမထားတာလဲ။

သစ်သီးတွေ၊ ပြီးတော့ ဘယာကြော်၊ နောက် ပေါင်မုန့်၊ လက်ဖက်ရည်နဲ့

ကောင်းကင်ဘုံ တံဆိပ်ဘီယာ ကြွပ်နေအောင် ကြော်ထားတဲ့ ကြက်တောင်ပံ

ဆာလောင်မှုက ကိုယ်ရောင်ကိုယ်ဝါတောက်ပလို့

ဗျိုး . . . ဂျင်နီ

သင့်ရဲ့လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပါတော့။ ။

---

# မြွေမျိုခံရတဲ့ညများ

အချိန်ကာလ

သူရဲ့ကိုယ်ခန္ဓာတိုင်းထွာသူတွေအား
သူရဲ့အလျားဆန့်ဆန့်ထုတ်ပေးသွားပြီး

ခြေကုန်လက်ပန်းကျကာမှ သူ့အမြီးနဲ့ မညှာမတာရိုက်ချတတ်တဲ့

မြွေတစ်ကောင်နဲ့တူလေတဲ့ အချိန်ကာလ

နေ၊ လ၊ ဂြိုဟ်၊ ကမ္ဘာ၊ နက္ခတ်၊ ကြယ်တာရာနဲ့ ကောင်းကင် စကြဝဠာတွေကို

တစ်ခုပြီးတစ်ခု မြိုမြိုချနေတဲ့ အချိန်ကာလ

မမွေးဖွားဘဲတည်ရှိလာပြီး မသေဆုံးပဲတည်ရှိနေမယ့် အချိန်ကာလ

လူသားတစ်ယောက်ရဲ့ အမြင့်မားဆုံး အံ့သြနိုင်မှု စွမ်းရည်နဲ့တောင်

လုံလောက်အောင် မအံ့သြနိုင်လို့ သာမန်အချက်အလက်တစ်ခုလို့ ထင်မှတ်ရလေအောင်

နာရီတစ်လုံးထဲမှာ သူ့ရဲ့အမွေးအမှင်တစ်ချို့ကို

http://mmteashop.com

ကျကျနန ဝှက်ပြထားတဲ့ အချိန်ကာလ

သက်ရှိသက်မဲ့တိုင်းကို အလိုမတူဘဲ

အဓမ္မပေါင်းသင်းနေထိုင်တတ်တဲ့ အချိန်ကာလ

အားရပါးရ သူမြိုမြိုချထားတဲ့ ဝိညာဉ်ချိုချိုတွေကို ပလုပ်ပလောင်း စားမြုံ့ပြန်

အရသာခံပြီး

ငြိမ်သက်နေတတ်တဲ့ အချိန်ကာလ

တစ်ဖက်ကထိရင် ရှေးကျခြင်းဖြစ်စေ

တစ်ဖက်ကထိရင် ခေတ်ဆန်ခြင်းဖြစ်စေတဲ့

သူ့လက်နှစ်ဖက်နဲ့ အရာရာတို့ထိကာ လူ့ကမ္ဘာမြေမှာ အမှတ်သညာတွေ

ရွှေ့ပြောင်းကစားတတ်သူ အချိန်ကာလ

သူ့ရဲ့သွေးကို ဝိုင်တစ်ခွက်လို ညှစ်ထုတ်ပေးပြီး

သောက်မိသူတွေမှာ အရာရာမေ့လျော့သွားစေတဲ့အချိန်ကာလ

တစ်ညတာလုံး

ကျွန်တော့် နှလုံးသားထဲက



http://mmteashop.com

ဝှက်ထားတဲ့ ဝါကျတွေ ဆွဲဆွဲထုတ်ပြီး

သူ့ဝမ်းဗိုက်ကြီးပွင့်ထွက်သွားအောင်

ဒရစပ် ပစ်ပေါက်နေမိတော့တယ်။ ။

http://mmteashop.com

# မိမိကိုယ်ကို ဖျော်ဖြေတင်ဆက်မှု

သူဟာ

ဆိတ်အုပ်တွေကို နေ့စဉ်ကျောင်းခဲ့တယ်

နောက်တော့

နှစ်ကာလတွေကို သူ့ရင်ဘတ်ထဲမှာကျောင်းခဲ့တယ်

ပြီးတော့

စာရွက်တွေကို စကားလုံးပေါ်မှာ ကျောင်းခဲ့သပေါ့

သူဟာ

မိန်းမတွေကို တစ်ယောက်ပြီးတစ်ယောက် ချစ်ခဲ့တယ်

အင်း . . . စကားလုံးတွေကိုလည်း သူချစ်ခဲ့တာပါပဲ

"ထွီ" ဆိုတဲ့စကားလုံးနဲ့ "ဒေဝီ" ဆိုတဲ့ မိန်းမကိုအချစ်ဆုံးတဲ့

ဘီယာလှည်းကြီး တအီအီမောင်းနေတယ်

ဘယ်မှာရပ်ရမလဲဆိုတာ မသိဘူး

http://mmteashop.com

သူက

သူ့ဂေဟာကလေးရှေ့မှာ ရပ်နိုင်းလိုက်ရဲ့

လူ့အလိုကို နတ်မလိုက်နိုင်ဘူးဆိုပေမယ့်

နတ်တွေအလိုကို သူလိုက်ခဲ့ပါတယ်

သူဟာ

ကမ္ဘာ့စစ်ကြီးများအကြောင်းကို ဖတ်ရှုပြီးငိုကြွေးခဲ့တယ်

ချာလီချက်ပလင်အတ္ထုပ္ပတ္တိကို ဖတ်ပြီးတော့လည်း ငိုကြွေးတာပဲ

ရှိသမျှပြောင်အောင်ရှုံးတဲ့ ဖဲဝိုင်းမှာ သူဟာတေးသီရဲ့

"ဘာမှမရှိတော့ဘူး . . . ဘာမှ မရှိတော့ဘူး . . . " တဲ့

သူဟာ

ကေရာဇ်ကြီးများဆီကိုစာရေးပြီး ညစာစားဖို့ ဖိတ်ကြားတတ်တယ်

တဆက်တည်းမှာပဲ သူ ညစာမစားရသေးကြောင်းလည်း ဖော်ပြတတ်ရဲ့

ဒါပေမယ့်လည်း သူ့စာတွေက စာတိုက်ပုံးထဲမှာ ဆွေးမြည့်သွားမြဲ

အသင့်တွေးခေါ်ပြီး ဘဝအဓိပ္ပာယ်များလိုသလောက်ရပြီ

http://mmteashop.com

သူဟာ . . . စီးပွားရေးဘက်ကို အဲသလို ခြေဦးလှည့်ခဲ့တယ်

ဘယ်လိုပြောရမလဲ . . . ကံနည်းတယ်

မော်ဒန်ကဗျာနဲ့အတူ နားမလည်ခြင်းတွေ ခေတ်စားလာတယ်

ဘုံပြဿနာတွေအပေါ်မှာ သူဟာ အမြဲစိတ်ဝင်စားနေဆဲ

လူဝကြီးတွေရဲ့အိမ်ကို သူအလွတ်ကျက်မှတ်ထားတတ်တယ်

မိမိကိုယ်ကို ယုံကြည်ရခြင်းဟာ အကောင်းမွန်ဆုံးအရသာတဲ့

သေချာစွာပြောလေတယ်

ချိုမြိန်သောပြစ်ဒဏ်ဆိုတဲ့ပြဇာတ်မှာ

သူကိုယ်တိုင်ပါဝင်ကပြ အသုံးတော်ခံခဲ့ပါတယ်

ဒီလိုနဲ့ . . . .

လူတစ်ယောက်ဟာ စာအုပ်တစ်အုပ်ဖြစ်ခဲ့ပြီး

စာအုပ်တစ်အုပ်ဟာ မြို့တစ်မြို့ဖြစ်ကာ

မြို့တစ်မြို့ဟာ ဆူပါနိဗ္ဗာ* တစ်ခုဖြစ်ခဲ့လေတယ်။ ။

*ဆူပါနိဗ္ဗာ = ကြယ်ပေါက်ကွဲမှု ၊ ကြယ်သစ်မွေးဖွားခြင်း

http://mmteashop.com

# တနင်္ဂနွေနေ့က ကဗျာဆရာတစ်ယောက်ရဲ့ ရေးသားချက်

မှတ်ပုံတင်အရာရှိကိုပြောလိုက်သည်။

သေခြင်းတရားဟာ ကျွန်တော့်ထက် ၁၅မိနစ် ငယ်တယ်လို့

သူတို့သည် ပြဇာတ်ထဲတွင် ပေါင်မုန့်အကြီးကြီးများကိုကိုင်၍

ကပြကြပါသည်။

ကျွန်တော်တို့သည် ဆောင်းကာလတစ်ခုလုံး

မီးတောက်မီးလျှံများကို စာတိုက်မှတစ်ဆင့်

တစ်ဦးကို တစ်ဦးပေးပို့ခဲ့ကြ၏။

ယနေ့ခေတ်တွင်

နိုင်ငံတစ်နိုင်ငံ၏ သွေးကြောနှင့်

နိုင်ငံသားတစ်ယောက်၏ သွေးကြော

အကြီးအကျယ် ဆက်စပ်နေပြီဖြစ်ကြောင်းကို

http://mmteashop.com

မသိသူဟူ၍ မရှိတော့သလောက်ပင်ဖြစ်ပါသည်။

အပြောင်းအလဲကြီးတစ်ခု

ကျွန်တော့်အိပ်ရာဘေးမှ တရွေ့ရွေ့ဖြတ်သန်းသွားတော့

ခြောက်အိပ်မက်များနှင့် ကျွန်တော်ကျန်ခဲ့သည်။

ကျွန်တော်တို့သည်

ပင်လယ်နှင့် ဝေးကြသော်လည်း

ပုလင်းထဲကရေမှာ ပင်လယ်ထွက်ပစ္စည်းတစ်ခုဖြစ်ပါသည်။

သတ္တုအရေခွံကိုခွာ၍

ကမ္ဘာကြီး၏ကလီစာများအလုပ်လုပ်နေပုံကို လေ့လာရန်မှာ

စောပါသေးသည်။

ဓားအိမ်ထဲတွင် ဓားများကို ထည့်သွင်းထားမြဲဖြစ်၏

စာအုပ်ထဲတွင် ဝါကျများ ထည့်သွင်းထားမြဲဖြစ်၏

အိတ်ထောင်ထဲတွင်မူ ဘာမျှမရှိပါ

ဦးခေါင်းထဲတွင် သုညတစ်လုံးရှိပါသည်။

http://mmteashop.com

မုန်တိုင်းထံမှ သံကြိုးစာရသည်

သူ မလာတော့ဘူး တဲ့၊

ကျွန်တော်တို့သည်

ကလေးငယ်များကို သေးငယ်သော ဟင်းတုံးများ ကျွေးရသောအခါတိုင်း

အပြစ်ရှိသလိုခံစားရသော ဖခင်များဖြစ်ကြပါသည်။

သတ္တုကြွယ်တွေလင်းလက်ရွှေ့လျားနေသော
မိုးကောင်းကင်ကြီးအောက်မှ

ကျွန်တော်တို့သည် အိပ်စက်၍မဆုံးနိုင်သော

အိပ်မက်များကို မက်နေကြပါသည်။ ။

http://mmteashop.com

# ကြောင်

သူဟာ ကြောင်တစ်ကောင်ဖြစ်တယ်လို့ပြောကြတယ်

သူဟာ ငါးတစ်ကောင်မှ မစားဖူးဘူး

သူ့အဖေလည်း ငါးတစ်ကောင်မှ မစားဖူးဘူး

သူ့အဘိုးလည်း ငါးတစ်ကောင်မှ မစားဖူးဘူး

(သူဟာ ကြောင်တစ်ကောင်ဖြစ်တယ်လို့ ပြောကြတယ်)

သူ့ရန်သူတွေက သူ့အကြောင်းရေးဖွဲ့ထားတဲ့ ကဗျာတွေဖတ်ပြီး

သူငိုတယ်

ဒါပေမယ့် သူဟာကြောင်တစ်ကောင်ဖြစ်တယ်

သူဟာ ပြင်သစ်ဘာသာနဲ့ချောင်းဆိုးပြီး

ဂျာမန်ဘာသာနဲ့ သမ်းဝေတယ်

"ကြောင်တစ်ကောင်၏တစ်နေ့တာ" စာအုပ်ကို

http://mmteashop.com

မြန်မာဘာသာနဲ့ထုတ်ဝေခဲ့တယ်

အဲဒီစာအုပ်ဟာ ရောင်းစွံခဲ့လေတော့

သူဟာကြောင်တစ်ကောင်ဖြစ်ကြောင်း ပိုသေချာလာတယ်

ကုတ်အင်္ကျီ အကြီးကြီးထဲမှာ သူ့ကိုယ်လုံးသေးသေးလေးဟာ

မြုပ်နေတတ်ပြီး သူ့တွေးခေါ်မြော်မြင်မှုတွေကို

ကုတ်အင်္ကျီဘယ်ဘက်အိတ်ထဲမှာ ထည့်ထားတတ်တယ်

(ညာဘက်အိတ်ထဲမှာတော့ မက်ဒေါနားနဲ့ လီနင်ရဲ့ ဓာတ်ပုံတွေရှိတယ်)

သူ့ကိုမယုံကြည်သူတွေက ၅.၂ စင်တီရှိတဲ့ နှုတ်ခမ်းမွေးကို

အတုကြီးတွေလို့ပြောကြတယ်

ဒါပေမယ့် သူ့လက်သည်းတွေကိုတော့ အားလုံးကြောက်ရွံ့ကြရဲ့

သူဟာ မြို့တစ်မြို့ကို ခုန်အုပ်နိုင်တယ်

ပင်လယ်ထဲမှာ မျောလာတဲ့ စံပယ်ပန်းလေးတစ်ပွင့်ကို

ဟိုတယ်တစ်ခုပေါ်ကနေပြီး အနံ့ခံနိုင်တယ်

စာအုပ်တစ်အုပ်ထဲမှာ ပုန်းနေတဲ့ဝါကျတစ်ကြောင်းကို

http://mmteashop.com

မှန်ပြောင်းတစ်လက်နဲ့ ကြည့်တတ်တယ်

(သူဟာ ကျောင်းတစ်ကောင်ဖြစ်တယ်လို့ပြောကြတယ်)

သူဟာ မနက်ခင်းတိုင်း နွားနို့မှန်မှန်သောက်တယ်

လေကို ဝဝရှူသွင်းတယ်၊ သတင်းစာဖတ်တယ်၊ ပေါင်ချိန်တယ်

ရွှေဈေးအတက်အကျကို မှတ်သားတယ်၊ ပြီးရင် ဂေါက်ရိုက်တယ်

ပြီးရင် ဘီယာသောက်တယ်

ခေတ်ပေါ်ကဗျာ (မာရ်နတ်မင်းမေ့ဆေး ပြယ်သောအခါ) ဖတ်တယ်

နတ္ထိဝါဒီတွေဆီဖုန်းဆက်တယ်

သူဟာ ရေခဲသေတ္တာထဲမှာ ဆောင်းကိုသိမ်းထားပြီး

မီးလင်းဖိုထဲမှာ နွေကိုဝှက်ထားတယ်

ရေချိုးခန်းထဲမှာတော့ မိုးဟာ ရွာသွန်းအမြဲ

ဝက်သစ်ချပင်ကြီးက အရွက်တွေကြွေတော့

သူ အသက် ၄၀ ရှိပြီ

နွေတစ်ရက်မှာ သူဟာ

http://mmteashop.com

မိန်းမတစ်ယောက် လဲလျောင်းနေတဲ့အခန်းတံခါးသော့ကို

လွှင့်ပစ်ပြီး

ပင်လယ်ဆီခရီး ထွက်လာခဲ့တယ်

ငါးတစ်ကောင်အကြောင်း ပောပြောဖို့ပါ။ ။

http://mmteashop.com

# ကျွန်တော်ကိုယ်တိုင်နားမလည်တဲ့ကဗျာ

ပင်လယ်ကို ဆိုင်ကယ်ပေါ်တင်ပြီး တံလျှပ်တွေထက် ငါမောင်းနှင်ခဲ့စဉ်က

တစ်နှစ်လုံး ဘရိတ်ဖမ်းလို့မရခဲ့ဘူး။ ဘာပါလိမ့်

ကြယ်တာရာပေါ်က လိမ့်ကျခဲ့သူဟာ လာမယ့်နိုဝင်ဘာမှာ

ကျောက်ပတ်တီးဖြေပါလိမ့်မယ်။

နတ်ဆိုးဟာ ထော့ကျိုးထော့ကျိုးနဲ့

ကဗျာတစ်ပုဒ်ဟာ စုတ်ဝဲရဲ့ထောင့်ချိုးမှာ နံရိုးတစ်ချောင်းလို

ဝင်စိုက်လို့၊ ဘာပါလိမ့်

ဟောဒီငနဲဟာ ဘာပါလိမ့်တဲ့

(အေး . . . ဘာပါလိမ့်)

ပုပ်ပွနေတဲ့ မီးလုံးတွေဆီ ငါခလုတ်နှိပ်လိုက်မယ် ဝိုင်ယာကြိုးထဲမှာ

သွေးတွေစီးလာတဲ့အထိ။ ပင်လယ်ရဲ့နှာ့ဗ်ကြောက

http://mmteashop.com

http://mmteashop.com

မြွေတစ်ကောင်လို တွန့်လိမ်စပြုပေါ့။ ဒါတွေကို အကုန်မော့ချပစ်

ဂြိုဟ်ကမ္ဘာတစ်ခု လွှတ်တင်လိုက်တဲ့

ဒုက္ခရှာဖွေရေးကိရိယာ

ကမ္ဘာမြေပေါ်မှာစက်ချွတ်ယွင်းသွား။

ငါတို့အားလုံး မိခင်ဂြိုဟ်ဆီပြန်ရမယ့်နေ့ဟာ ဒီနေ့

အနက်ရောင်ကြယ်တွေ အော်မြည်လို့

အနီရောင်တောအုပ်ကြီး သမ်းဝေလို့

ဝစ်လစ်စလစ်ပင်လယ်အတွက် ကုတ်အင်္ကျီတစ်ထည်

တုတ်ကောက်တစ်ချောင်း

ဦးထုပ်တစ်လုံးနဲ့ ဘွတ်ဖိနပ်တစ်ဖက် မီနီမားကတ်ထဲမှာရှိသလား

ဘာကိုမှ မစဉ်းစားပါနဲ့

ခြေတစ်ဖက်ဆာနေတဲ့ ကဗျာတစ်ပုဒ်ဟာ

သင့်အိမ်တံခါးကို မတော်တဆ ခေါက်နေတာဖြစ်ပါတယ်။ ။

# ငါ့ရဲ့လက်တွေ

ငါ့ရဲ့လက်တွေ အကြောင်းပြောချင်တယ်

ငါ့ရဲ့လက်တွေဟာ တစ်ပါးသူဆီမှာ လက်ဝါးဖြန့်ဖူးတယ်

ငါ့ရဲ့လက်တွေဟာ လက်သီးကျစ်ကျစ် ဆုပ်ပြီး လေထဲမှာ မြှောက်ပြခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ ငွေစက္ကူတွေ ကိုင်တွယ်ခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ လေထဲမှာမျောလာတဲ့ အက္ခရာတွေကို ဆယ်ယူခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ အပေါ်စား အရက်ခွက်တွေကို ကိုင်တွယ်ခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ မဖြစ်နိုင်ခြင်းတွေ ပြုလုပ်ပေးခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ လက်သီးဆုပ်ပြီး ငါ့မျက်နှာကို ပြန်ထိုးခဲ့ဖူးတယ်

ငါ့ရဲလက်တွေဟာ သင်တုန်းဓားတစ်လက်ကို သွေးခဲ့ဖူးတယ်

အင်း . . . ငါ့ရဲ့လက်တွေဟာ ငါထင်သလောက်

မယဉ်ကျေးခဲ့ပါကလား။

http://mmteashop.com

ငါ့ရဲ့လက်တွေဟာ ဝံပုလွေတွေနဲ့ လက်ဆွဲနှုတ်ဆက်ခဲ့တယ်

ငါ့ရဲ့လက်တွေဟာ စပိတ်ကွင်းကို ဆွဲယူခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ စာမျက်နှာသစ်ကို လှန်ပေးခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ ဦးခေါင်းတစ်လုံးကို ဖွင့်ကြည့်ခဲ့ဖူးတယ်

(သိပ်ကြောက်စရာကောင်းတာပဲ)

ငါ့ရဲ့လက်တွေဟာ အကာသထဲမှာ ထောင်နေခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ သူတောင်းစားတစ်ယောက်ကို ပျော်ရွှင်စေခဲ့ဖူးတယ်

ပြီးတော့ . . . အံ့စရာ ငါ့ရဲ့လက်တွေဟာ

သတ္တုတွေကို ကွေးကောက်စေခဲ့ဖူးတယ်

ငါ့ရဲ့လက်တွေဟာ နေ့ခင်းကြောင်တောင်မှာ အိပ်ပျော်နေခဲ့ဖူးတယ်

http://mmteashop.com

ငါ့ရဲ့လက်တွေဟာ ငါအိပ်ပျော်နေချိန်မှာ နိုးနေခဲ့ကြဖူးတယ်

(အော် . . . ငါ့ရဲ့လက်တွေဟာ ငါးတစ်ကောင်မှ မဖမ်းမိခဲ့ဖူးဘူး)

ငါ့ရဲ့လက်တွေဟာ ဘယ်ကိုမှ မညွှန်ပြခဲ့ကြပေဘူး

ဘာကြောင့်လဲဆိုတော့ ငါဟာ

ခုထိ ရွှေတွင်းတွေဘယ်မှာ ရှိတယ်ဆိုတာ မသိနိုင်သေးလို့ပဲ။ ။

http://mmteashop.com

# ကုတ်အင်္ကျီ

ကုတ်အင်္ကျီနှင့် တူသော မိန်းမတစ်ယောက် ရှိခဲ့တယ်။

သူမဟာ ဝတ်ဆင်လိုက်ရင် နွေးသွားတယ်

အထီးကျန်ဆောင်းရက်တွေမှာ

ကုတ်အင်္ကျီ တစ်ထည်လိုတယ်ဆိုတာ သိခဲ့တော့

ကျွန်တော်ဟာ နှင်းတွေထဲ လမ်းသလားခဲ့တယ်

ကုတ်အင်္ကျီကြီးက ကြေးနီရောင်ပါ

သူမဟာ အရောင်လွင့်ဖျော့တော့နေပါပြီ

ဒါပေမယ့် ချုပ်ရိုးတွေနဲ့ သွေးကြောတွေက သန်စွမ်းတယ်

သူမဟာ ကြယ်သီးတွေတပ်ထားလိုက်ရင်

ကျွန်တော့်ကို လုံခြုံစေပြီး

ကြယ်သီးတွေဖြုတ်ထားလိုက်ရင်

ကျွန်တော့်ကို တုန်ယင်စေတယ်။

http://mmteashop.com

ကုတ်အင်္ကျီကြီးနဲ့ လမ်းသလားတဲ့အခါ

ကိုယ့်ကိုကိုယ် ပိုပြီးယုံကြည်စေပြန်ရဲ့

ကုတ်အင်္ကျီကြီးဟာ ကျွန်တော် ငွေကြေးပြတ်လပ်သွားတိုင်း

ထုတ်ယူသုံးစွဲဖို့ အိတ်ထောင်တွေပါရှိတယ်

ကုတ်အင်္ကျီကြီးဟာ ကျွန်တော့်ပူပန်သောကတွေဖွင့်ချဖို့

အိတ်ထောင်တွေပါရှိတယ်

ကုတ်အင်္ကျီကြီးဟာ တစ်ခါတစ်ခါ စိတ်ကောက်တတ်တယ်

သူမကိုယ်ပေါ်မှာ ဝိုင်အရက်တွေစွန်းထင်းသွားရင်လေ

ကုတ်အင်္ကျီကြီးဟာ တစ်ခါတစ်ခါ ဂေဇာကျင့်တယ်

သူမကို တိုင်မှာချိတ်ပြီး အခန်းထဲထားရစ်ခဲ့ရင်လေ

ကုတ်အင်္ကျီ ကြီးဟာ တစ်ခါတစ်ခါ အိမ်တွင်းပုန်းတတ်တယ်

ကျွန်တော်တစ်ယောက်တည်း အရူးအမူးဖြစ်နေတဲ့ နွေရက်တွေမှာပေါ့

နွေရက်တွေ မိုးကာလတွေ ကုန်ဆုံးလို့

ဆောင်းလရဲ့ ရက်တွေရောက်ပြီလားဆိုမှဖြင့်

http://mmteashop.com

ကျွန်တော်နဲ့ ကုတ်အင်္ကျီကြီး တပူးတွဲတွဲမြို့ထဲမှာလမ်းသလား

တစ်ခါတလေတော့လည်း သီတင်းပတ်တစ်ခုလုံး အခန်းထဲပုန်းအောင်းပြီး

ပြတင်းဝကနေ တဖွဲဖွဲကျဆင်းနေတဲ့ နှင်းတွေကိုငေးကြရဲ့

နှင်းတွေဟာ အအေးဓာတ်ကိုသယ်ဆောင်လာတဲ့

ပြာမှိုင်းမှိုင်းသတ္တုအမှုန်စတွေ ကျဆင်းလာသလိုထင်မှတ်ရရဲ့

သိပ်အေးတာပဲ . . . လူတွေတီးတိုးဆိုကြ

သစ်ရွက်တွေတောင် ငြိမ်ကုပ် နှင်းထဲမှာရပ်နေကြရဲ့

အအေးဒဏ်ကြောင့် တောင့်တင်းကြွပ်ဆပ်နေတဲ့နေ့တွေမှာလေ

ကုတ်အင်္ကျီကြီးဟာ ကျွန်တော့်ရဲ့ အနီးဆုံးအဖော်မွန် ပီသခဲ့ပါတယ်

ကျွန်တော်က ကုတ်အင်္ကျီကြီးကိုနမ်းတယ်

ကုတ်အင်္ကျီကြီးရဲ့ ရနံ့ဟာ ကျွန်တော့်ရဲ့ အထီးကျန်စိတ္တဇကို

ဝေးလွင့်ပြယ်စေတယ်

ဆောင်းကာလ တစ်ခုလုံးနေ့တွေဟာ တစ်ရက်က တစ်ရက်

ကူးပြောင်းသွားခဲ့ကြပေမယ့်

http://mmteashop.com

ကျွန်တော်က ကုတ်အင်္ကျီကြီးကို ဝတ်ဆင်မြဲ

ကုတ်အင်္ကျီကြီးရဲ့ ကိုယ်ခန္ဓာထဲမှာ မမြင်ရတဲ့ကျွန်တော့် အတွေးတွေ

ရှင်းလင်းပြတ်သားလာကြတယ်

ကုတ်အင်္ကျီကြီးရဲ့ ကိုယ်ခန္ဓာထဲမှာ လုံခြုံစိတ်ချရတဲ့ ဘဝရှင်သန် နေထိုင်နည်းကို

ကျွန်တော် ရရှိခဲ့ပါတယ်။

နေမင်းကြီးထံမှ

ခွန်အားတွေ ကျွန်တော် ပြန်လည်မရရှိမီအထိ ကုတ်အင်္ကျီကြီးကို

ဝတ်ဆင်ခဲ့ပါတယ်။

နွေရက်တွေ ပြန်လည်ရောက်ရှိလာခဲ့ပါပြီ

ကျွန်တော်ဟာ ကုတ်အင်္ကျီကြီးကို ချွတ်ပြီး အပူရှိန်တွေ တလှပ်လှပ် ထနေတဲ့

လမ်းများဆီကို တစ်ဟုန်ထိုးထွက်လာခဲ့ပေါ့ အရှုံးမှုး။ ။

http://mmteashop.com

# ဖားပြုပ်

ဧပြီလရဲ့နေ့လယ်ခင်း

နေက ခြစ်ခြစ်တောက်ပူနေသည်

အိမ်ရှေ့ ကတ္တရာလမ်းမပေါ်မှာ အပူရှိန်တွေ တလှပ်လှပ်တုန်ခါနေပြီ

ကတ္တရာလမ်းမကြီးက ပျော့ခွေလို့

လေက ငြိမ်နေသည်။

သစ်ပင်တွေက နေပူကျဲကျဲထဲမှာ အလှန်းခံထားရသလို တောင့်တောင့်ကြီး

ရပ်နေကြသည်။

တစ်ချက်တစ်ချက်

အိမ်ခေါင်သွပ်မိုးဆီမှ တကျွတ်ကျွတ်မြည်သံကြားရသေးသည်

ကျီးကန်းတွေ ဒီနေ့လယ် မြင်ကွင်းထဲက ပျောက်ဆုံးနေသည်

ဘတ်စ်ကား ပူပူတွေ ဖြတ်မောင်း သွားတော့ ဖုန်လုံးပူပူတွေ ထကျန်ရစ်ခဲ့သည်။

http://mmteashop.com

အိမ်ထဲက မြေသားကြမ်းပြင်မှာ သင်ဖြူးတစ်ချပ်ခင်း၍

ကျွန်တော်တို့တတွေ ငြိမ်သက်စွာထိုင်နေကြသည်။

အသံဗလံနဲ့ လှုပ်ရှားမှုဟူ၍ ယပ်တောင် တဖျပ်ဖျပ်ခတ်နေတာပဲရှိသည်။

ကျွန်တော်တို့မှာ ဒီနစ်နွေရာသီအကြောင်း ပြောဆိုရန် စကားမရှိပါ

ရေပိုက်ခေါင်းကို ဖွင့်လိုက်လျှင် ရေပူတွေ ထွက်ကျလာတတ်သော နွေရက်များ

သစ်ရွက်တွေ ဖျော့နွမ်းစွာ ငြိမ်သက်နေခဲ့သောနွေရက်များ

အိမ်ရှေ့မြောင်းထဲက ဒေါင်းမြီးကွက်ငါးကလေးတွေ

ပျောက်ဆုံးသွားခဲ့သောနွေရက်များ

အသစ်အဆန်းမဟုတ်တော့ပါ။

အပူရှိန်တွေ အထက်မှအောက်သို့ ၊ အောက်မှ အထက်သို့

ဝဲမှယာသို့၊ ယာမှဝဲသို့၊ အပူရှိန်တွေ . . .

ပြတင်းတံခါးက လေမတိုက်ဘဲ ကျီ . . . ခနဲမြည်ကာ

လှုပ်ရမ်းလာပြီး တစ်ဝက်မှာရပ်သွားသည်။

အဲဒီအချိန်မှာပဲ ဖားပြုပ်ရဲ့အော်သံကို ကျွန်တော်ကြားရခြင်းဖြစ်သည်။

http://mmteashop.com

တော်တော်အရုပ်ဆိုးတဲ့ အသံပဲဟုဆိုနိုင်မည်လား

သူ့အသံကို တိတိကျကျပြန်ရေးပြရန်မှာခက်ခဲပါသည်

ဂေါ်ဂေါ့ဂေါ့ . . . ဟူသော အသံထွက်မျိုးဖြစ်သည်။

ဖားပြုပ်သည် အိမ်နောက်ဖေး သစ်သားပေါင်းပုံ အောက်မှ

အော်လိုက်ခြင်းဖြစ်ပါသည်။

နွေခေါင်ခေါင်ကြီးမှာ သူ့အသံကို ကြားလိုက်ရတော့

ကျွန်တော်တို့ ပြိုင်တူနားစွင့်မိလိုက်ကြသည်

တစ်ကြိမ်အော်မြည်ပြီး အသံကရပ်သွားသည်။

ဖားပြုပ်သည် သစ်သားအပေါင်း ပုံအောက်ရှိ

မဲမှောင်သောမြေတွင်း တစ်နေရာရာမှ

အော်လိုက်ပုံရပါသည်။

ကျွန်တော်တို့အားလုံး ငြိမ်သက်နေကြပြီး တိတ်ဆိတ်မှု ကြာမြင့်လာသော အခါ

စောစောက ဖားပြုပ်အော်သံမှာ အကယ်စင်စစ်မဟုတ်ဘဲ

ဒဏ္ဍာရီဆန်ဆန်ဖြစ်လာသည်။ သို့ပေမယ့်

http://mmteashop.com

ကျွန်တော်တို့ကြားလိုက်ရတာ အကယ်ပင်ဖြစ်ပါသည်။

ဂေါ်ဂေါ့ဂေါ့ . . . ဖားပြုပ်အော်သံကို ကျွန်တော်တို့ကြားကြရပြီ

အို . . . ဖားပြုပ် သင့်အသံကို ကျွန်ုပ်တို့ကြားကြရပေသည်။

ဂေါ်ဂေါ့ဂေါ့ . . . ဖားပြုပ်သည် သူ့အသံကို ထပ်မံ၍မြည်စေလိုက်ပါပြီ

ကျွန်တော်တို့အားလုံး ကြားနေရသည်။

ဤအဖြစ်အပျက်သည် ဒဏ္ဍာရီမဟုတ်ပါ။

တစ်ဝက်ပွင့်နေသော ပြတင်းဝမှတစ်ဆင့် မိုးကောင်းကင်ကို ကျွန်တော်တို့

ပြိုင်တူမော့ကြည့်လိုက်မိကြသည်။

ဂေါ်ဂေါ့ဂေါ့ . . . ဖားပြုပ်ကအော်မြည်နေဆဲပင်။ ။

http://mmteashop.com

# ဉာဏ်ပညာထက်မြက်တဲ့ မြို့

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ ဟိုင်းဝေးလမ်းမကြီးဘေးမှာ

(မိဘမဲ့ကလေးများ) လူငယ်သင်တန်းကျောင်းကို ဖွင့်ထားတယ်

အဲဒီက ခပ်လှမ်းလှမ်းမှာ လူအိုရုံတစ်ရုံကို ဖွင့်လှစ်ထားရှိပြီး

အဲဒီရဲ့ဟိုဘက်မှာတော့ ဆေးရုံတစ်ရုံကိုဖွင့်လှစ်ထားရဲ့

အင်း . . . အဲဒီကနေ ဆက်သွားမယ်ဆိုရင်တော့

မီးသင်္ဂြိုဟ်စက်ကြီးဆီ ရောက်ရှိသွားနိုင်တာပေ့ါ

ဉာဏ်ပညာထက်မြက်တဲ့ မြို့ဟာ သူ့လက်ဖျံပေါ်မှာ

သူ့အမည်ကို ဆေးမင်ကြောင်နဲ့ ရေးထိုးထားတယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ ဝံပုလွေတွေရဲ့ဘာသာစကားတတ်တယ်

ကောင်းကင်ဘုံ ဘာသာစကားလည်း တတ်မြောက်ထားသတဲ့

ဒါပေမယ့် သူက စကားနည်းပါတယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ ဘယ်တက္ကသိုလ်ကောလိပ်ကမှ

http://mmteashop.com

ဘွဲ့ဒီဂရီ မရခဲ့ပါဘူး ဒါပေမယ့် သူဟာ ဉာဏ်ပညာထက်မြက်တဲ့မြို့ပါ

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ ဦးနှောက်တစ်ခြမ်းက အိပ်နေပြီး

ဦးနှောက်တစ်ခြမ်းက နိုးနေတတ်တယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ အူပေါင်းလောင်းဖြစ်နေတဲ့

ဘဏ်တိုက်ကြီးတွေကို ဝလင်အောင် အစာမှန်မှန်ကျွေးတယ်

တနင်္ဂနွေမှာဆိုရင် သူဟာ

ရက်စတော့ ရင့်တွေရှိရာဆီ တစ်နေကုန်လျှောက်သွားတတ်တယ်

အဲဒီနေ့တွေဟာ ငါးခေါင်းဟင်းရည်တွေရောင်းကောင်းကြတဲ့နေ့ပေါ့

တချို့ တနင်္ဂနွေတွေမှာတော့ သူဟာ

ငါးမျှားမလား၊ ဘုရားသွားမလား စဉ်းစားတယ်

ဒါပေမယ့် နှစ်ခုစလုံးမလုပ်ဖြစ်ဘဲ

ရက်စတော့ရင့်တွေဆီပဲ ရောက်ရောက်သွားတတ်သူပါ

သူဟာ အစာမစားဘဲ ရက်ပေါင်းများစွာနေနိုင်သလို

အစားအစာအမြောက်အမြားကိုလည်း တစ်ကြိမ်တည်းနဲ့ကုန်အောင်

http://mmteashop.com

စားပစ်နိုင်သတဲ့

ကြယ်တွေကိုရေရင် အှုပြုတ်တတ်တယ်ဆိုတာကို

ကြားဖူးပေမယ့် ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ

ကြယ်တွေရေတွက်တယ်

အဲသလိုရေတွက်ရင်း သူအိပ်ပျော်သွားတာပဲ

(သူဂဏန်းပေါင်းစက်ထဲမှာ ကြယ်တွေအများကြီး)

သူအိပ်ပျော်သွားရင် အိပ်မက်မက်တယ်

အိပ်မက်ထဲမှာ သူဟာ ဘယ်တော့မှ ရထားမမီဘူးတဲ့

ရထားမမီတဲ့ အိပ်မက်တွေကို သူ ခဏခဏ မက်တယ်

အိပ်မက်ထဲမှာ သူဟာ ဘူတာရုံကိုရောက်တော့

ရထားဟာ ထွက်ခွာသွားပြီလေ

ဘာကြောင့်များ သူ ဒီအိပ်မက်ကို ခဏခဏမက်ပါလိမ့်

သူ ကြာကြာမစဉ်းစားပါဘူး

ဘာကြောင့်လဲဆိုတော့ မနက်မိုးလင်းပြီဆိုရင်

http://mmteashop.com

ရထားတွေတစ်စင်းပြီးတစ်စင်း သူ့ဆီဆိုက်ရောက်လာလို့ပါပဲ။

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ သူ့ဦးခေါင်းကို

နည်းနည်းချင်းဖဲ့ပြီး ဆာလောင်မွတ်သိပ်နေသူတွေကို ကျွေးတယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ

မုန်တိုင်းကို ဖန်ပုလင်းထဲထည့်တတ်တယ်

သူ့မှာ ဖန်ပုလင်းတွေ အများကြီးပေါ့

ပြီးတော့ ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ

ကျွမ်းကျင်တဲ့စိုက်ပျိုးရေးသမားတစ်ယောက်ပါ

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ LUX ဆပ်ပြာကိုကြိုက်တယ်။

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ တစ်ယောက်တည်းဖဲကစားတတ်တယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ တစ်ခါတလေ (ပုံတီးသံတွေကြားရင်)

အခန်းတံခါးပိတ်ပြီး ရှိုက်ငိုတယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ ကွန်ကရစ်တောအုပ်ထဲမှာ

သူ့ကိုယ်ကို ဖျောက်ထားနိုင်တယ်

http://mmteashop.com

ဉာဏ်ပညာထက်မြက်တဲ့ မြို့ဟာ ပင်လယ်ကြမ်းပြင် အောက်မှာ စွဲလောင်နေတဲ့

မီးကို ငြိမ်းသတ်ဖို့ တစ်ခုတည်းသောနည်းလမ်းကို

သိသူတွေထဲက တစ်ယောက်ဖြစ်တယ်

ဉာဏ်ပညာထက်မြက်တဲ့မြို့ဟာ ဒီတနင်္ဂနွေမှာ

အပြာရောင်ဂျင်းဂျက်ကက်ကို ဝတ်ပြီး ထရပ်ကားပေါ်ကိုတက်တယ်

ဒရိုင်ဘာကမေးတော့

မင်းမောင်းချင်ရာကို မောင်းပါ ဝေးချင်သလောက်ဝေးပါစေကွာ တဲ့

ပြီးတော့ ကျွန်တော်ရေးတဲ့ဒီကဗျာကို

ဖိမ်နဲ့ဖတ်ရင်း လိုက်ပါလာခဲ့ပါတော့တယ်။ ။

http://mmteashop.com

# လေယာဉ်ပျံ

ကျွန်ုပ်ဟာ ကိုယ့်ကိုကိုယ် လေယာဉ်ပျံတစ်စင်းလို့ထင်မိတယ်

လက်နှစ်ဖက်ကို ဆန့်တန်းကာ ခေါင်မိုးမြင့်ထက်ကခုန်ချလိုက်ရင်

လေမှာပျံ့ဝဲ မိုးယံအမြင့်ဆီရောက်သွားမှာပဲ

ဒါဆို ကျွန်ုပ်ဟာ ကောန်ပဲ လေယာဉ်ပျံတစ်စင်းပေါ့

ကျွန်ုပ်ခန္ဓာကိုယ်ထဲမှာ အင်ဂျင်စက်တွေ တဒီးဒီးလည်ပတ်နေတယ်

ကျွန်ုပ်အရေပြားဟာ အကောင်းစားသတ္တုသားပဲ

ကျွန်ုပ်ရဲ့ အမျိုးအစားကို ရင်ဘတ်မှာဆေးမင်ကြောင်နဲ့ရေးထိုးထားတယ်

ပျံသန်းသွားဖို့ပဲလိုတယ်

လေယာဉ်ပျံတစ်စင်းများလား

ကျွန်ုပ်ဟာ လေယာဉ်ပျံတစ်စင်းဖြစ်နိုင်တယ်

ဒါဆို တိမ်တိုက်တွေက ကျွန်ုပ်အောက်ကနေ ဖြတ်သန်းသွားကြမှာပေါ့

ကျွန်ုပ်ဟာ လေယာဉ်ပျံနဲ့တူအောင် လက်နှစ်ဖက်ကိုဆန့်တန်းထားတယ်

http://mmteashop.com

အောက်ဖက်ဆီမှာ ကလေးတွေ ကောင်းကင်ကို လက်ညှိုးထိုးပြီး

အော်ဟစ်ကြရဲ့

ဟောဟိုမှာ လေယာဉ်ပျံတစ်စင်းတဲ့

ကျွန်ုပ်ပျံသန်းနေခဲ့တာ နှစ်များစွာကြာမြင့်ခဲ့ပါပြီ

စီးနင်းလိုက်ပါသူ ခရီးသည်ဟာတစ်ဦးတည်း ၊ သူဟာ ကျွန်ုပ်ပဲ

ကတ္တီယာ တောအုပ်တွေပေါ် လေယာဉ်ပျံဟာ ဖြတ်ကျော်ပျံသန်းတယ်

ပူပြင်းတဲ့ ကန္တာရတွေပေါ်ကိုတော့ လေယာဉ်ပျံဟာ ညအခါပျံသန်းတယ်

အဲဒီအခါမှာ ကျွန်ုပ်ဟာ မျက်စိနှစ်လုံးကို ကောင်းစွာဖွင့်ထားရတာပေါ့

ရေခဲတောင်တွေကို ဖြတ်ကျော်ပျံသန်းတဲ့အခါ လေယာဉ်ပျံဟာ

တဆတ်ဆတ်တုန်လာသတဲ့၊ သိပ်အေးတာကိုး

ပင်လယ်ကြီးတွေကို ဖြတ်ကျော်ပျံသန်းတဲ့အခါ လေယာဉ်ပျံဟာ

ဝေလငါးကြီးတွေ မြူးတူးနေတာကို မြင်ရသတဲ့

သူတို့ဦးခေါင်းက မှုတ်ထုတ်လိုက်တဲ့ ရေပန်းတွေက သိပ်လှဆိုပဲ

လေယာဉ်ပျံဟာ အိပ်ပျော်နေတဲ့ ဟိုတယ်တွေပေါ်ကိုဖြတ်ပြီး

http://mmteashop.com

ကမ္ဘာ့နံရံအဆုံးကို သွားနေတာတဲ့

လေယာဉ်ပျံဟာ ဟိုတယ်တွေပေါ် ကို ဖြတ်သန်းတဲ့အခါ

အိပ်မက်တွေကြဲချတတ်တယ်

လေယာဉ်ပျံဟာ ကဖေးဆိုင်ကောင်းကောင်းတွေ့ရင်

ဆီဖြည့်ဖို့ရပ်နားတယ်၊ အဲဒီမှာ ကော်ဖီပူပူကို

သူမှာတော့တာပဲ

ထူးဆန်းတာက လေယာဉ်ပျံဟာ လမ်းလျှောက်နိုင်တာပဲ

အဆွေတို့ . . . ဒါကြောင့်လည်း လေယာဉ်ပျံတစ်စင်း မြို့ထဲမှာ

လမ်းလျှောက်နေတာကို ကျွန်ုပ်တို့ တွေ့မြင်ကြရတာပေါ့။ ။

http://mmteashop.com

# ဂျက်ကပြောတယ်

ဂျက်ကပြောတယ်
မိန်းမချောတွေကို နောက်ဘယ်တော့မှ
သူ မချစ်တော့ဘူးတဲ့

ဂျက်ကပြောတယ်
ကမ္ဘာကြီးမှာ မိန်းမတွေမရှိရင်
မဖြစ်ဖူးဆိုပဲ
ဒါပေမယ့် မိန်းမတစ်ယောက်ကို သင်ချစ်မယ်ဆိုရင်
သင်တုန်းဓားကို တစ်ကြိမ်နမ်းသင့်သတဲ့

ဂျက်ကပြောတယ်
ချစ်ခြင်းမေတ္တာ၊ သူရသတ္တိနဲ့ အရိုင်းစိတ်ကို

http://mmteashop.com

ခင်းကျင်းပြသဖို့ အကောင်းဆုံးစားပွဲဟာ မိန်းမတွေပါပဲတဲ့

ဂျက်ကပြောတယ်

အဲဒီစားပွဲပေါ်မှာ အနှစ်၄၀လုံးလုံးကြာအောင်

ငါပြေးနေခဲ့ဖူးတာပေါ့ကွာ

ဂျက်ကပြောတယ်

ကြယ်စုံမြူးတဲ့ညမှာ

ချစ်သဝဏ်လွှာတွေ တစ်ညလုံးရေးနေခဲ့တာ

နေနတ်သားရဲ့ တံပိုးခရာသံကြားတဲ့ အထိပါပဲတဲ့

သို့ပါသော်ငြား

ရေးသားခဲ့သမျှ ချစ်သဝဏ်လွှာတွေဟာ

ပေါင်မုန့်ထဲကို ဝင်ရောက်သွားပြီး

ပြန်မထွက်တတ်ကြတော့ဘူးတဲ့

http://mmteashop.com

ဂျက်ကပြောတယ်

မိန်းမတစ်ယောက်အတွက်

ဒိုင်ဗင်အကြိမ်ကြိမ် ထိုးခဲ့တယ်

ဦးခေါင်းမှာ ချုပ်ရိုးတွေချည်းပဲ

ဂျက်ကပြောတယ်

သိပ်စိတ်ညစ်တာပဲ

အချစ်ကိုသက်သေပြဖို့ ငွေကြေးမလုံလောက်ဘူးတဲ့

ဒါကြောင့်

ကျောက်တုံးကြီးတွေကို ခဏခဏ မပြနေရသတဲ့

ဂျက်ကပြောတယ်

မိန်းမတွေဟာ ဘယ်တော့မှမမှားဘူးတဲ့

http://mmteashop.com

ငါတို့က သူတို့ကိုချစ်မိမှသာ

အများအယွင်းတွေစတင်တော့တာတဲ့

ဒါကြောင့် ဂျက်ကပြောတယ်

မိန်းမတွေနဲ့မျက်လုံးချင်းဆုံအောင်မကြည့်နဲ့တဲ့

ဂျက်ကပြောတယ်

မိန်းမတစ်ယောက်ကိုချစ်ရတာဟာ

ဂြိုဟ်ကမ္ဘာတစ်ခုက ပိုးမွှားအသစ်အဆန်းတွေ

ထည့်ထားတဲ့ ဖန်ဘူးနဲ့

တစ်ခန်းတည်းအတူနေရသလိုပဲတဲ့

ဂျက်ကပြောတယ်

သူဟာ တစ်နေ့တည်းနှစ်ခါ

အသက်ရှင်နေနိုင်သတဲ့

http://mmteashop.com

တစ်ကြိမ်က မိန်းမတစ်ယောက်ကိုချစ်မြတ်နိုးဖို့

တစ်ကြိမ်က ကမ္ဘာမြေကြီးကိုချစ်ခင်ဖို့တဲ့

ဂျက်ကပြောတယ်

မိန်းမချောတွေကို နောက်ဘယ်တော့မှ

မချစ်တော့ဘူးတဲ့

အဲဒီနေ့က သူ အိမ်ကိုပြန်မအိပ်ဘူး

ဂျက်ကပြောတယ်

ဂျက်က ခဏခဏပြောတယ်

ဂျက်ကတွေ့တဲ့လူတိုင်းကိုပြောတယ်

ဂျက်က မရပ်မနားပြောတယ်

မိန်းမချောတွေကို နောက်ဘယ်တော့မှ

မချစ်တော့ဘူးတဲ့

http://mmteashop.com

http://mmteashop.com

အဲဒီနေ့က သူချာချာလည်အောင်မူးတယ်

ဂျက်ဆိုတဲ့လူတစ်ယောက်ရှိခဲ့ဖူးတယ်

သူဘယ်သူလဲ သိပါရဲ့လား အဆွေငဲ့

လမ်းထိပ်မှာ အမူးလွန်ပြီး အိပ်ပျော်နေတတ်တဲ့

အရက်သမားအဘိုးကြီးကွဲ့။ ။

---

# ပါမောက္ခကြီးနဲ့ အိမ်ဖော်မလေး

ပါမောက္ခကြီး တစ်ယောက် ရှိခဲ့ဖူးတယ်

ပါမောက္ခကြီးဟာ ပညာတွေနှံ့စပ်သိမြင်ပြီး ဉာဏ်သိပ်ကြီးတယ်လို့

လူတွေကပြောကြတယ်

ဒါပေမယ့် အသိဉာဏ်ကြီးလေလေ ပိုပြီးကြေကွဲရလေလေဆိုတာကိုတော့

လူတွေ မသိကြပါဘူး

ပါမောက္ခကြီးဟာ ကျမ်းတစ်စောင်ကိုပြုစုနေတာ

နှစ်အတန်ကြာခဲ့ပါပြီ။

တစ်နေ့တစ်နေ့

ပါမောက္ခကြီးဟာ အလွန်အားကောင်းတဲ့ အဝေးကြည့် မှန်ပြောင်း တစ်လက်နဲ့

မိုးကောင်းကင်ကိုကြည့်တယ်

ကမ္ဘာမြေကိုလည်း ရွေ့လျားမှန်ဘီလူးတွေနဲ့ကြည့်တယ်

ပင်လယ်ကိုသွားပြီး လှိုင်းတွေကိုလေ့လာတယ်

http://mmteashop.com

လေထဲက အသံတွေကို နားထောင်တယ်

ကျောက်တုံးတွေကို တီးခတ်ပြီး ထွက်ပေါ်လာတဲ့ အသံကို မှတ်တမ်းတင်တယ်

သစ်ရွက်တွေကို နမ်းရှုပ်တယ်၊ စုဆောင်းတယ်

သူ့ဖန်ပုလင်းထဲမှာ ဖားကလေးတွေ ခုန်ဆွခုန်ဆွနဲ့

ပါမေက္ခကြီးဟာ သူ့ကျမ်းကို ဆက်လက်ရေးသားပါတယ်

မိုးတွေ တဖြိမ်းဖြိမ်းရွာ၊ လျှပ်စီးတွေ တဝင်းဝင်းလက်တဲ့ ညတွေဆို

ပါမောက္ခကြီးဟာ သူ့ကျမ်းကို ဆက်လက်ရေးသားပါတယ်

မိုးတွေ တဖြိမ်းဖြိမ်းရွာ၊ လျှပ်စီးတွေ တဝင်းဝင်းလက်တဲ့ညတွေဆို

ပါမောက္ခကြီး မအိပ်တော့ဘူး

မိုးရေထဲက အက်ဆစ်ဓာတ်ရဲ့ပြင်းအားတွေကို

သူ ကောင်းကောင်းမှတ်မိနေတတ်ပြီ။

နှင်းတွေ တဖွဲဖွဲကျဆင်းလာတဲ့ ဆောင်းဦးညတွေမှာလည်း

ပါမောက္ခကြီး နိုးနေတတ်ပြန်ရဲ့

နှင်းတွေဟာ ဒြပ်သားအဖြစ်နဲ့ရော အပူချိန်အဖြစ်နဲ့ပါ ကမ္ဘာမြေရဲ့

http://mmteashop.com

ဆွဲငင်အားပေါ် သက်ဆင်းခဲ့ကြတယ်။

အဲဒီလိုနဲ့ . . . နေ့ရက်တွေကို ရောက်လာခဲ့တော့

ပါမောက္ခကြီးရဲ့ ကျမ်းစာအုပ်ကြီးဟာ အထူကြီးဖြစ်လာခဲ့ပါပြီ

ပါမေက္ခကြီးဟာ ကောင်းကင်ကို

အလွန်အားကောင်းတဲ့ အဝေးကြည့်မှန်ပြောင်းနဲ့ ကြည့်ပြန်တယ်

ကမ္ဘာမြေကိုလည်း မှန်ဘီလူးတွေနဲ့ ကြည့်ပြန်တယ်

မြေသားပြင်ရဲ့ အက်ကြောင်းဟာ သစ်ရွက်တွေနဲ့

နှစ်ကာလများစွာကတည်းက ဆက်စပ်နေခဲ့တာပါကလား

ဖန်ပုလင်းထဲမှာ ဖားကလေးတွေသေဆုံးသွားကြတယ်

သူ့ကျမ်းဟာ ကျမ်းတစ်စောင်ထူသင့်တဲ့အတိုင်းအတာကို

လွန်တော့မယ်လို့ ပါမောက္ခကြီးတွေးမိဟန်တူရဲ့

ဒါမှမဟုတ် သူ့ကျမ်းဟာ အဆုံးသတ်လို့မရနိုင်တဲ့

ကျမ်းတစ်စောင်ဖြစ်ချင်လည်း ဖြစ်နေနိုင်ရဲ့

ကျောက်တုံးတွေ၊ ဖားအသေတွေ၊ သစ်ရွက်တွေ၊ မှန်ပြောင်းတွေကြားမှာ

http://mmteashop.com

ငိုင်နေတဲ့ ပါမောက္ခကြီးကို လူတချို့မြင်တွေ့ခဲ့ကြတယ်။

အဲဒီနောက်မှာ

ပါမောက္ခကြီးဟာ ကျမ်းစာအုပ်ကြီးကိုဖွင့်ပြီး ငိုကြွေးတော့တယ်

ပါမောက္ခကြီးရဲ့ငိုသံကို ပထမဦးဆုံးကြားသူကတော့

အိမ်ဖော်မကလေးပါပဲ။

ဉာဏ်ကြီးသူတွေငိုတဲ့အခါ ဉာဏ်နည်းသူတွေက ချော့မော့ရမယ်ဆိုတာ

အိမ်ဖော်မကလေး မသိပါဘူး

အိမ်ဖော်မကလေးဟာ

မီးဖိုပေါ်က အာလူးတွေ ဘယ်အချိန်ကျက်မလဲဆိုတာလောက်ပဲ သိသူပါ။

ဒါပေမယ့် သူမဟာ ပါမောက္ခကြီးကို ချော့မော့နှစ်သိမ့်နိုင်ခဲ့တယ်

မိခင်က သားငယ်ကို အငိုတိတ်စေသလိုမျိုး

အိမ်ဖော်မကလေးဟာ ပါမောက္ခကြီးရဲ့ ငိုသံကိုတိတ်စေခဲ့တယ်

ပါမောက္ခကြီးဟာ မျက်ရည်လူးတဲ့ မျက်လုံးနဲ့

အိမ်ဖော်မကလေးကို ကြည့်တယ်

http://mmteashop.com

ပါမောက္ခကြီးရေ .... ကောင်းကင်ထဲမှာ ပြိုးပြက်နေတဲ့ ကြယ်တာရာတွေကို

ကြည့်ရှုမှတ်သားရတာထက် အိမ်ဖော်မလေးရဲ့မျက်နှာပေါ်က

မဲ့ခြောက်ကလေးတွေကို ရေတွက်ရတာက ပိုပြီးပျော်စရာ မကောင်းဘူးလား

အဆိပ်သင့် နေတဲ့ကမ္ဘာမြေကို ကယ်တင်ဖို့ဆိုတာ ခက်ခဲနိုင်ပေမယ့်

အိမ်ဖော်မလေးရဲ့ ဆံကေသာမှာ ဒေလီယာ ပန်းကလေးတစ်ပွင့်

ပန်ဆင်ပေးလိုက်ဖို့ဟာ

လွယ်လည်းလွယ်ကူ ပျော်လည်းပျော်ရွှင်ဖွယ်ရာကောင်းပါတယ်

ပါမောက္ခကြီး အိပ်စက်နေချိန်မှာ အိမ်ဖော်မလေးဟာ အသံတွေ တိတ်စေပြီး

ငြိမ်သက်စွာ စောင့်ရှောက်ခဲ့တယ်

ပါမောက္ခကြီးဟာ သုံးရက်နဲ့သုံးညတိတိ အိပ်ပျော်ခဲ့တယ်

သူနိုးလာတော့ အိမ်ဖော်မကလေးက သူ့ဘေးမှာ

“မင်းကိုငါ တခြားဂြိုဟ်ကမ္ဘာတစ်ခုဆီ ခေါ်သွားချင်ရဲ့”

http://mmteashop.com

ပါမောက္ခကြီးက အိမ်ဖော်မကလေးကိုပြောတယ်

ကမ္ဘာမြေဟာ လူသားတွေ နေထိုင်ဖို့ မသင့်လျော်ပဲ ဖြစ်လာတော့ မယ်လို့များ ပါမောက္ခကြီး တွေးပူလေသလား

ပါမောက္ခကြီးရဲ့ စကားကို အိမ်ဖော်မကလေးက နားမလည်ပါဘူး

တခြားဂြိုဟ်ကမ္ဘာတစ်ခုခုမှာ အာလူးနဲ့ ဝက်ပေါင်ခြောက်တွေရှိရင်

မလိုက်ဘဲနေစရာ ဘာရှိမလဲလေ

ပါမောက္ခကြီးက အာလူးနဲ့ ဝက်ပေါင်ခြောက်ကို သိပ်ကြိုက်တယ် မဟုတ်လား

နွေရက်တွေ ကုန်ဆုံးသွားခဲ့ပေါ့

မိုးတွေ တခြိမ်းခြိမ်းရွာသွန်လာပြန်ပါပြီ

လောကကြီးတစ်ခုလုံး စိမ်းစိုလှပ်ယှိမ်းသက်ဝင်နေသလိုပါပဲ

မိုးစက်တွေက ပြတင်းမှန်ကို တဖျန်းဖျန်းပက်တယ်

ပါမောက္ခကြီးနဲ့ အိမ်ဖော်မကလေးကို နောက်ထပ်

လူတွေမတွေ့ကြရတော့ပါဘူး

ပါမောက္ခကြီးပြောသလို ဂြိုဟ်ကမ္ဘာတစ်ခုခုဆီကိုများ

http://mmteashop.com

ရောက်သွားကြသလား ဆိုတာလည်း ဘယ်သူမှမသိကြပါဘူး

ကမ္ဘာမြေကတော့

အပူစွမ်းအင်တွေ၊ အလင်းစွမ်းအင်တွေ၊ အရွေ့ စွမ်းအင်တွေ

ရောပြွမ်းလှုပ်ရှားနေမြဲ

အင်းဆက်တွေ၊ ဘက်တီးရီးယားတွေ၊ ဗိုင်းရပ်စ်တွေမျိုးပွားနေမြဲ

မီးတောင်ပေါက်ကွဲမှုတွေ၊ ငလျင်တွေ၊ အပူလှိုင်းတွေ

အအေးလှိုင်းတွေဖြစ်ပေါ်နေမြဲ

ဒေလီယာပန်းတွေလည်း ပွင့်နေမြဲလေ . . . ။ ။

http://mmteashop.com

# ကဗျာဆရာဝံပုလွေ

တစ်ခါတုန်းက ဝံပုလွေတစ်ကောင်

ရှိတယ်

တစ်နေ့မှာ သူဟာ ဆာလောင်မွတ်သိပ်စွာနဲ့

လမ်းလျှောက်လာသတဲ့

တိုက်ဆိုင်စွာပဲ

အဲဒီနေ့၊ အဲဒီအချိန်၊ အဲဒီနေရာမှာ ယုန်ဖြူမလေးတစ်ကောင်ကို

သူတွေ့သတဲ့လေ

ယုန်တွေဟာ ဝံပုလွေရဲ့အစာလို့

သူ ဟိုးတုန်းကတည်းက သိထားခဲ့ပြီးသားပါ

ဒါကြောင့် သူ့အနေနဲ့ ယုန်ဖြူမလေးကို

လုစ်ခနဲ ခုန်အုပ်လိုက်ယုံပဲမဟုတ်လား

မဟုတ်သေးဘူး

http://mmteashop.com

သူခြေထောက် တစ်ဖက်က နာနေတယ်

ဒဏ်ရာရထားတဲ့ ခြေထောက်တစ်ဖက်က နာနေတော့

ယုန်တစ်ကောင်ကို မိအောင်ခုန်အုပ်လိုက်ဖို့ဆိုတာ

ခုလောလောဆယ် မဖြစ်နိုင်သေးဘူးပေါ့

ဒါပေမယ့် သူဟာ ဝံပုလွေတစ်ကောင်ပါ

"ကောင်းသော နံနက်ခင်းပါ"

သူက ယုန်ဖြူမလေးကို အဲသလိုနှုတ်ဆက်

ထော့နဲ့ထော့နဲ့ နဲ့ချဉ်းကပ်လာသတဲ့

ယုန်ဖြူမကလေးက တိုးတက်ခေတ်မီတဲ့သဘောထားရှိသူ

ကဗျာစာပေ အနုပညာလိုက်စားသူဆိုပဲ

တောတွင်း ဥပဒေသမှာလဲ ချွင်းချက်တော့ရှိနိုင်တာပဲလို့ သူယုံသတဲ့

သူတို့နှစ်ယောက်ဟာ

မိတ်ဖြစ်ဆွေဖြစ် စကားစမြည်ပြောဆိုကြ

ပြီးတော့ ရင်းနှီးသွားကြတယ်ထင်ပါရဲ့

http://mmteashop.com

ခွဲခွာကြခါနီးမှာ

"မင်းအတွက် ကဗျာတွေ ငါရေးခဲ့မယ်"

ဝံပုလွေကပြောရဲ့

အဲဒီညကစပြီး ဝံပုလွေဟာ

ကဗျာတွေ ရေးလေတော့တယ်

သူ့ကဗျာတွေထဲမှာ

စမ်းချောင်းလေး စီးနေတာပါရဲ့

စီးနေတဲ့ စမ်းချောင်းထဲမှာ

ငါးကလေးတွေ ကူးခတ်နေတာလည်းပါရဲ့

ညညဆို မိုးပေါ်မှာ

ဒိန်ခဲနဲ့တူတဲ့ လမင်းကြီးပေါ်ထွက်လာကြောင်းလည်းပါရဲ့

သစ်ရွက်တွေကြားမှာ

လေဟာ မရပ်မနားတိုးဝှေ့သွားနေကြောင်းလည်းပါလေရဲ့

မြေကြီးထဲက

http://mmteashop.com

မမြင်ရတဲ့ ပိုးကောင်လေးတွေ တစီစီ အော်တဲ့ အကြောင်းတောင် ပါသေးသတဲ့

ကဗျာတွေ ရေးပြီးသွားတဲ့အခါ

ဝံပုလွေဟာ စာတိုက်ကနေ ယုန်ဖြူမလေးဆီပို့လိုက်တော့တယ်

သူ့ဆီကို လာလည်ဖို့အကြောင်းလည်း စာထဲမှာထည့်ရေးကာ

ဖိတ်မန္တကပြုလိုက်တယ်

အဲဒီမနက်မှာ

သူ့အခန်းထဲက အရိုးတွေကိုလှဲကျင်း

သူ့ခြေထောက်က ဒဏ်ရာကိုလည်း မြန်မြန်ပျောက်ကင်းအောင်ကု သတဲ့

တစ်နေ့မှာတော့ ယုန်ဖြူမကလေး ရောက်လာခဲ့ပါပြီ

ဝံပုလွေမျှော်လင့်ထားတဲ့အတိုင်း ယုန်ဖြူမလေး

သူ့အိမ်ဆီ ရောက်လာခဲ့ပါပြီ

ဝံပုလွေဟာ တံခါးကို "ဂျိုင်း"ခနဲပိတ်လိုက်တယ်

ပြီးတော့ ဂလန့်ချလိုက်တယ်

သူ့သွားတွေကို တတ်နိုင်သမျှ မပေါ်အောင်ဖုံးပြီး

http://mmteashop.com

"ထိုင်ပါ" လို့ ယုန်ဖြူမလေးကို ဖိတ်ခေါ်လိုက်တယ်

သူ့ခြေထောက်က ဒဏ်ရာပျောက်ကင်းနေပါပြီ

အဲဒီအချိန်မှာ သူဟာ လေရဲ့လျှင်မြန်ခြင်းမျိုးနဲ့

တစ်ဟုန်ထိုးရွေ့လျားနိုင်စွမ်းရှိနေပါပြီ။

ယုန်ဖြူမလေးဟာ ဝံပုလွေရဲ့စားပွဲမှာ ဝင်ထိုင်လိုက်တယ်

ပြီးတော့ "ရှင်ဟာ သိပ်တော်တဲ့ ကဗျာဆရာတစ်ယောက်ပဲ"လို့

ပြောလိုက်တယ်

"ငါ့ကဗျာထဲမှာ မြေကြီးထဲက ပိုးကောင်လေးတွေ အော်တဲ့အကြောင်း

ပါတယ်။ သူတို့ဘာကြောင့် အဲဒီလိုအော်နေတာလို့ထင်သလဲ" တဲ့

မေးလိုက်ပြန်တယ်။

"စမ်းချောင်းထဲက ငါးကလေးတွေ နွေရာသီရောက်ရင်

ဘယ်ကိုသွားကြသလဲ ပြောစမ်းပါဦး" တဲ့

"ဒိန်ခဲနဲ့တူတဲ့ လမင်းကြီးကိုကြည့်ပြီး ကျွန်မငိုမိတယ်" တဲ့

သူ့စကားသံတွေဆုံးတော့

http://mmteashop.com

ဝံပုလွေဟာ အံ့ဖွယ်ငြိမ်သက်သွားတယ်

အသက်ကို ဖြည်းဖြည်းချင်းရှူသွင်းလိုက်ပြီး

"ယုန်ဖြူမလေးရေ . . . မင်းကို ငါကိုက်စားမှာ မစိုးရိမ်ဘူးလား"

လို့ မေးလိုက်သတဲ့

"ရှင် ကျွန်မကို ကိုက်စားချင်ရင် ခုပဲ ကိုက်စားလိုက်ပါ

ဒါပေမယ့် ဒီလို ကဗျာတွေကိုတော့ ဆက်ပြီးရေးသွားပါ" လို့

ယုန်ဖြူမလေးက ပြန်ပြောလိုက်သတဲ့

အဲဒီနောက် သူတို့နှစ်ယောက်

တီးတိုးစကားတွေ ဆိုကြတယ်

မှတ်မိသလောက်ကတော့

"ရှင် ကျွန်မကို လက်ထပ်နိုင်မလား"ဆိုတဲ့ ယုန်ဖြူမလေးရဲ့ စကားသံပါပဲ

ဒီအဖြစ်အပျက်ဟာ စာမျက်နှာပေါ်မှာ အမှန်တကယ်

ဖြစ်ပျက်ခဲ့ပါတယ်

(အခုရေးထားတဲ့စာ ဖတ်ပြီး အခြားသော ဝံပုလွေတွေက ဘီယာ သောက်ရင်း ဟားကြသတဲ့)

http://mmteashop.com

ကြာခဲ့ပေါ့ . . . ။

ကဗျာဆရာဝံပုလွေဟာ ယုန်ဖြူမလေးကို ဖြူဖြူစင်စင်

ချစ်ခင်စောင့်ရှောက်သွားကြောင်းနဲ့ အဆုံးသတ်လိုက်ပါတယ်။ ။

---

http://mmteashop.com

# အသံ

အသံတစ်သံ

ငါ့အခန်းကို ငါပြန်ရောက်တော့ စားပွဲမှာ

ငြိမ်သက်စွာထိုင်မိခိုက် တိတ်ဆိတ်မှုထဲ

ကြားရတယ် အသံတစ်သံ

"ခင်ဗျားကို ကျွန်တော်ပျော်ရွှင်အောင်ထားပါမယ်"

အသံတစ်သံ

အမှန်ပဲ ငါကြားရတယ်

ငါ့အခန်းထဲ ငါပြန်ရောက်တဲ့အခါ

အရာရာတိတ်ဆိတ်နေခိုက်

ကြားရတဲ့အသံတစ်သံ

"ခင်ဗျားကို ကျွန်တော်ပျော်ရွှင်အောင်ထားပါမယ်"

ဒီအသံဟာ နံရံတွေဆီကလာတာလား

http://mmteashop.com

နံရံကို ငါနားကပ်ထောင်မိတယ်။ (တိတ်ဆိတ်လို့)

ဒီအသံဟာ စားပွဲပေါ်မှာ ပွင့်နေတဲ့ပန်းကလေးဆီကလာတာလား

ပန်းပွင့်ကလေးကို ငါနားကပ်ထောင်မိတယ်။(တိတ်ဆိတ်လို့)

တိတ်ဆိတ်မှုထဲ ဒီအသံဟာ

ဘယ်ကလာတာပါလိမ့်

ဒီအသံဟာ အံဆွဲထဲက ငါ့ဒိုင်ယာရီစာအုပ်ဆီကလာတာလား

စာအုပ်ကလေးကို ငါနားကပ်ထောင်မိတယ်။(တိတ်ဆိတ်လို့)

ဒီအသံဟာ မင်ဖြည့်ထားတဲ့

ငါ့ဖောင်တိန်ကလေးဆီကလာတာလား

ဖောင်တိန်ကလေးကို နားကပ်ထောင်မိတယ်။(တိတ်ဆိတ်လို့)

"ခင်ဗျာကို ကျွန်တော်ပျော်ရွှင်အောင်ထားပါမယ်"

အသံတစ်သံ

ငါ ကြားရပြန်တယ်ကွဲ့။

ဒီအသံဟာ ရေခဲသေတ္တာထဲက လာတာလား

http://mmteashop.com

ရေခဲသေတ္တာကို ဖွင့်ပြီး ငါနားထောင်မိတယ်။(တိတ်ဆိတ်လို့)

ဒီအသံဟာ ကဲကလေတာဆီက လာတာလား

ကဲကလေတာကို ငါနားကပ်ထောင်မိတယ်။(တိတ်ဆိတ်လို့)

(ဒီအသံဟာ ဒုတိယကမ္ဘာစစ် လက်ကျန် ဝီစကီပုလင်းခွံကြီးထဲက

လာတာတော့ မဖြစ်နိုင်)

ဒီအသံဟာ မီးခံသေတ္တာထဲက လာတာလား

မီးခံသေတ္တာကို ငါနားကပ်ထောင်မိတယ်။(တိတ်ဆိတ်လို့)

ဒီအသံဟာ တိုင်ကပ်နာရီကြီးဆီက လာတာလား

နာရီကြီးဆီကို ငါနားထောင်မိပြန်တော့တယ်။(ချောက်ချက်ချောက်ချက်နဲ့)

ဒီအသံဟာ သင်တုန်းဓား တစ်လက်ဆီကလာတာများလား၊

(ဒါကိုတော့ ငါနားထောင်မကြည့်ခဲ့မိဘူး)

အသံတစ်သံ တိတ်ဆိတ်မှုထဲမှာ

ငါ ကြားမိတဲ့ အသံတစ်သံ

ဒီအသံဟာ မြည်နေလို့ ကြားရတာလား

http://mmteashop.com

ဒီအသံဟာ မပြည့်ဘဲ ကြားရတာလား

စဉ်းစားမိပေ့ါ

"ခင်ဗျားကို ကျွန်တော်ပျော်ရွှင်အောင်ထားပါမယ်"

မိတ်ဆွေ ဒီလို

ခင်ဗျားရွတ်ဆိုမိပါသလား။ ။

http://mmteashop.com

# လူဖြစ်ရတာ ကောင်းတယ်

လူဖြစ်ရတာ ကောင်းတယ်

လူဖြစ်ရတာဟာ ဒုက္ခဘုံထဲ ရောက်လာတာပဲတဲ့

အဲဒီ ဒုက္ခဘုံကြီး အကြောင်း ငါတို့

ရေရေလည်လည် သိနိုင်တယ်

ဒါကြောင့် လူဖြစ်ရတာကောင်းတယ်

ငါဒုက္ခရောက်တုန်းက မင်းတို့မှတ်မိကြသေးလား

အေး - ဒါပေမယ့် လူဖြစ်ရတာကောင်းတယ်

ငါအစက ဒီလောက်မသိဘူး

လူဖြစ်ရတာကောင်းတယ်

ငါတို့အတွက် ခေါင်းကိုက်ပျောက်ဆေးပြားတွေ

လိုသလောက် ထုတ်လုပ်ထားတယ်

ဒါကြောင့် ငါပြောတာပေါ့

http://mmteashop.com

လူဖြစ်ရတာကောင်းတယ်

တစ်ခါတလေ ဘဝင်နည်းနည်းမြင့်၊ တစ်ခါတလေ အရှက်ရ

တစ်ခါတလေ ဆွေး၊ တစ်ခါတလေ သတိရ၊ တစ်ခါတလေ ပျော်ရွှင်

တစ်ခါတလေ စိတ်တို

လူဖြစ်ရတာကောင်းတယ်

တချို့အဘိဓမ္မာတွေ ငါမကြိုက်ဘူး၊ တချို့မိတ်ဆွေတွေကို ငါမကြိုက်ဘူး

တချို့အစားအစာတွေ ငါမကြိုက်ဘူး

ဒါပေမယ့် လူဖြစ်ရတာကောင်းတယ်

သူမဟာ လူသားမိန်းမတစ်ယောက်

ဒါကြောင့် ငါရဲရဲကြီးပြောပါတယ်

လူဖြစ်ရတာကောင်းတယ်

ဆေးရုံတက်မလား၊ ရုပ်ရှင်ရိုက်မလား

ဘီယာဆိုင်သွားမလား၊ အပြေးလေ့ကျင့်မလား

အိမ်ထောင်ပြုမလား၊ နေမျိုးကြီးကဗျာတွေဖတ်မလား

http://mmteashop.com

လူဖြစ်ရတာကောင်းတယ်

ယဉ်ကျေးပါ၊ သင်ယူပါ၊ ရိုးဖြောင့်ပါ

လူဖြစ်ရတာကောင်းတယ်

လောကကြီးကို အရှုံးပေးခဲ့ပါပြီဆိုပဲ

လူတစ်ယောက်ရဲ့နောက်ဆုံးဝါကျကို ငါဖတ်ခဲ့ရတယ်

ဒါပေမယ့် လူဖြစ်ရတာကောင်းတယ်

လူဖြစ်ရတာကောင်းတယ်

လူဖြစ်ရတာကောင်းတယ်လို့

ငါပိုသိလာတဲ့အချိန်မှာ ငါဟာ ဝံပုလွေတစ်ကောင်ဖြစ်နေခဲ့ပြီကွဲ့။ ။

http://mmteashop.com

# မရှိမဖြစ်လိုအပ်သောအရာဝတ္ထုများ

(အဖိုးကြီးတစ်ယောက်အတွက်)

၁။ တုတ်ကောက်တစ်ချောင်း (အမြဲတမ်းအတွက်)

၂။ သွားတုတစ်ခု

၃။ စိပ်ပုတီး (တစ်ခါတရံအတွက်)

၄။ ကြောင်ပိန်ပိန်ကလေး (သူစားမကုန်တာကျွေးဖို့)

၅။ တိတ်ဆိတ်မှုနဲ့ အနွေးဓာတ်

၆။ မြင်းရိုင်းတစ်ကောင် (စိတ်ကူးထဲမှာစီးကြည့်ဖို့)

http://mmteashop.com

# ဘာမှမရှိခြင်းဥယျာဉ်

လိုက်မလား ခင်

ဘာမှမရှိခြင်းဥယျာဉ်ကို

ပုံပြင်လိုလို တကယ်လိုလို

ကောလာဟလလိုလို ဖြစ်ရပ်မှန်လိုလို

ငါတို့သိခဲ့ကြဖူးတဲ့ ဘာမှမရှိခြင်းဥယျာဉ်ကိုလေ

ဘာမှမရှိခြင်းဥယျာဉ်ဟာ နတ္တိမြို့မှာ ရှိသတဲ့

နတ္တိမြို့ဟာ ကမ္ဘာ့မြေပုံရဲ့ အပေါ်မှာလား

နတ္တိမြို့ဟာ အဝေးကြီးမှာလား

နတ္တိမြို့ဟာ နီးနီးကလေးမှာလား

http://mmteashop.com

ငါတို့သွားကြမယ် ခင်

ဘာမှမရှိခြင်းဥယျာဉ်ကို

ဘာမှမရှိခြင်းဥယျာဉ်မှာ တံခါးလည်း မရှိဘူးတဲ့

ဘာမှမရှိခြင်းဥယျာဉ်မှာ ဂိတ်ပေါက်အစောင့်လည်း မရှိဘူးတဲ့

ဘာမှမရှိခြင်းဥယျာဉ်မှာ မရှိပင်တွေရှင်သန်ပေါက်ရောက်သတဲ့

သိပ်လှတာပဲတဲ့ကွယ်

မရှိပင်တွေက မမြင်ရတဲ့ပန်းတွေ ဖူးပွင့်ချိန်ဆို

ဘာမှမရှိခြင်းဥယျာဉ်ဟာ သိပ်ခမ်းနားလာတော့တယ် တဲ့

လေထဲမှာလည်း မွှေးရနံ့တွေ ထုံအီနေလိမ့်မယ်လို့ ထင်မိတယ်

ပန်းချီဆရာ အဘိုးကြီးတစ်ယောက်ဟာ

မမြင်ရတဲ့ပန်းတွေ ဖူးပွင့်ချိန်ဆို

ဘာမှမရှိခြင်းဥယျာဉ်ကို မှန်မှန်ရောက်လာတတ်သတဲ့

ဒြပ်မဲ့ပန်းချီကားတွေဆွဲဖို့လေ

ဘာမှမရှိခြင်းဥယျာဉ်ထဲမှာ

http://mmteashop.com

မရေးရသေးတဲ့ ဝတ္ထုတွေထဲကဇာတ်ကောင်တွေ ရောက်ရောက်လာပြီး
ဟိုဟိုဒီဒီ လှည့်လည်သွားလာကျက်စားကြသတဲ့ကွယ်
ဘာမှမရှိခြင်းဥယျာဉ်ထဲမှာ ငှက်ကလေးတွေ
လူးလာပျံသန်းလို့ ငါတို့မြင်တွေ့နိုင်ဖို့မလွယ်ကူနိုင်တဲ့ ငှက်ကလေးတွေပေါ့

ဘာမှမရှိခြင်းဥယျာဉ်ထဲမှာ ငှက်ကလေးတွေ
အော်မြည်လို့ ငါတို့ကြားနိုင်ဖို့မလွယ်ကူတဲ့အသံနဲ့ပေါ့
ဘာမှမရှိခြင်းဥယျာဉ်ရဲ့ လျှို့ ဝှက်တဲ့တစ်နေရာမှာ
အဖိုးတန်သေတ္တာတစ်လုံးကို ဘယ်သူမှမသိအောင်
မြှုပ်နှံထားသတဲ့ ဒါပေမယ့်
အဲဒီသေတ္တာထဲမှာ ဘာမှမရှိပါဘူးကွယ်

ဘာမှမရှိခြင်းဥယျာဉ်ဟာ ဘယ်အချိန်ကတည်းက ရှိနေခဲ့တာလဲ
ဘယ်သူမှမသိကြဘူးတဲ့

http://mmteashop.com

ဘာမှမရှိခြင်းဥယျာဉ်ကို ဘယ်လိုတည်ဆောက်ခဲ့တာလဲ

ဒါကိုလည်း ဘယ်သူမှသိပ်မသိကြသေးဘူးကွဲ့

ဘာမှမရှိခြင်းဥယျာဉ်မှာ ရယ်စရာတွေမရှိဘူးတဲ့

ဘာမှမရှိခြင်းဥယျာဉ်မှာ ငိုစရာတွေမရှိဘူးတဲ့

ဘာမှမရှိခြင်းဥယျာဉ်မှာ

မရှိပင်တွေက မမြင်ရတဲ့ပန်းတွေဖူးပွင့်ချိန်ရောက်ပြန်ပေါ့

လိုက်မလား ခင်

ဘာမှမရှိခြင်းဥယျာဉ်ကို။ ။

http://mmteashop.com

# ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

တချို့ ငိုလိမ့်မယ် တချို့ရယ်လိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

ပြီးရင် ဘယ်သူမှယုံကြမှာမဟုတ်ဘူး

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

ဝံပုလွေအိုကြီးတွေ အူလိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

နီယွန်မီးရောင်တွေ စူးစူးရဲရဲ လင်းနေလိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

မြို့ကြီးပေါ် မိုးတစိမ့်စိမ့် ရွာလိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

ခွေးသွားစိပ်တွေ တဝီဝီလည်လိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

http://mmteashop.com

http://mmteashop.com

သော့တွေအားလုံး ပွင့်လိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

ညနေခင်းကြယ်ကို လူတွေမြင်တွေ့ရလိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

ပုံတစ်လုံး(ဝက်ဝံအရေပြားနဲ့ကျက်ထားတာ)

သူ့အလိုလိုမြည်လိမ့်မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

သူကတော့ နားနှစ်ဖက်ကိုပိတ်ထားမှာပဲ

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

ငါတို့ဟာ ငါတို့မဟုတ်တော့ဘူး

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ

အသံလှိုင်းသက်သက်သာ ကျန်ရစ်ခဲ့မယ်

ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ။ ။

# ညစာစားပွဲ

ငါ့ရှေ့က စားပွဲမှာ စားသောက်ဖွယ်ရာများကို အစီအရီ ခင်းကျင်းထားသည်။

ငါမစားသောက်။

ငါဆာလောင်မွတ်သိပ်နေသည်ကို လူတွေသိမည် စိုးသောကြောင့် ငါမစားသောက်။

စထရော်ဘယ်ရီ သီးများက ရဲမှည့်နေသည်။

ငါမစားသောက်ခဲ့သော အခြားသစ်သီးများ။

ငါတို့ လေးယောက်စာ နွားနို့များကို နေ့စဉ် သူသောက် ပစ်ခဲ့သည်။

ငါတို့လေးယောက်စာ အသားတုံးများကို နေ့စဉ် သူစားပစ်ခဲ့သည်။

ငါတို့လေးယောက်စာ မက်မုံသီးများကို နေ့စဉ် သူစားပစ်ခဲ့သည်။

တစ်နှစ်တိတိကြာသောအခါ ငါတို့သည် ပိန်လှီအိုမင်းခဲ့ကြပြီ။

သူကတော့ နပျိုသန်စွမ်းလျက်။

သူ၏ ရယ်မောသံကို ကျွန်းပေါ်ရှိ မီးပြတိုက်ထက်မှာပင် ကြားကြရသည်။

http://mmteashop.com

http://mmteashop.com

သောင်ပြင် တစ်လျှောက်မှာ နက်ရှိုင်းစွာ နစ်ဝင်နေသော သူ့ခြေရာများကို တွေ့ရသည်။

ငါ့ရှေ့က စားသောက်ဖွယ်ရာများကို ငါမစား။

ငါ ဆာလောင်မွတ်သိပ် နေသည်ကို လူတွေသိလို့မဖြစ်။

ငါတို့၏ နံဘေးတွင် စီးဆင်းနေသော ပင်လယ်ကြီးသည် ငါတို့အတွက် မသေဆေးဖြစ်သည်။

သူသည် ကျောက်တုံးများကို တစ်နေရာမှ တစ်နေရာသို့ နေ့စဉ်ရွှေ့၏။ ကျောက်တုံးကြီးများ။

ပို၍ ကြီးမားသော ကျောက်တုံးကြီးများ။

သူ့ရယ်သံသည် ကျောက်တုံးကြီးများ ပေါ်မှ ဖြတ်သန်းကာ ဟင်းလင်းပြင် ထဲသို့ ရောက်သွားသည်။

တူရိယာများကို တီးမှုတ်ရန် အချက်ပြလိုက်သည်။

တူရိယာများ၏ မြည်သံကို ငါကြားရသည်။

ကြေးကရားထဲမှ နို့ကို ဖန်ခွက်ထဲ လောင်းထည့်သံ ငါကြားရ၏။

ငါရှေ့ကစားပွဲမှာ စားသောက်ဖွယ်ရာများကို အစီအရီ ခင်းကျင်းထားသည်။

ငါမစားသောက်။ ။

http://mmteashop.com

# ငါတို့ရွာက ရေကန်ကြီး

ငါတို့ရွာက ရေကန်ကြီး အကြောင်းပြောပြမယ်

ငါတို့ရွာက ရေကန်ကြီးဟာ အကြီးကြီးပဲကွဲ့ . . .

ငါတို့ရွာက ရေကန်ကြီးထဲမှာ ဖားပြုပ်တွေရှိတယ်

မိုးတွင်းလို ကာလမျိုးမှာ ဖားအော်သံတွေကို ငါတို့ တစ်ရွာလုံး ကြားကြရတယ်

ငါတို့ရွာက ရေကန်ကြီးဆီကို သွားကြည့်ရင် သူတို့ ရေထဲ ခုန်ဆင်းလိုက် ကမ်းပေါ်ပြန်တက်လိုက်နဲ့ ပျော်ပါးမြူးတူးနေကြတာကို တွေ့ရလိမ့်မယ်

ငါတို့ရွာက ရေကန်ကြီးထဲမှာ ငါးပြေမတွေ တလူပ်လူပ်ကူးလို့ခပ်လို့

သူတို့ကတော့ ကမ်းပေါ်ကို မတက်ကြ

ငါတို့ငယ်ငယ်တုန်းက ငါတို့ရွာကရေကန်ကြီးထဲမှာ ငါးမျှားဖူးရဲ့

ဘုန်းတော်ကြီး သိရင်တော့ ငါတို့ကို ကြိမ်နဲ့ဆော်တယ်

ငါတို့တင်ပါးမှာ အရှိုးရာတွေချည်းပဲ

ငါးပြေမက သိပ်အရသာရှိတာကိုး

http://mmteashop.com

ပြီးတော့ ရေထဲက ပိုးကောင် သေးသေးလေးတွေဟာ တကယ်ပဲ

ပျော်မြူးနေကြတယ်

သူတို့မှာ စိတ်ညစ်စရာ မရှိဘူးလို့ ငါထင်တယ်

သူတို့ဟာ စိတ်ညစ်တယ်ဆိုတာကို နားလည်မယ်မထင်ဘူး

ငါတို့ရွာက ရေကန်ကြီးထဲက ပိုးမွှားတိရစ္ဆာန်တွေဟာ

နွေအခါရောက်ရင်တော့ လျော့နည်းသွားကြပြန်တော့တယ်

အင်း . . . နွေအခါရောက်ပြီ ဆိုရင်တော့ ငါတို့ရွာက ရေကန်ကြီးထဲမှာ

ရေလည်း အတော်နည်းသွားပြီပေါ့

ငါတို့ရွာက ရေကန်ကြီးထဲက ပိုးကောင်တွေဟာ ကျပ်ကျပ်တည်းတည်းနဲ့

ရှင်သန်နေထိုင်ကြရပြန်တယ်

နွေအခါကို သူတို့ ဒီလိုဖြတ်ကျော်ကြတယ်

ဒါပေမယ့် ငါတို့ရွာက ရေကန်ကြီးပေါ်မှာ မိုးသားတိမ်တိုက်တွေ

တရွေ့ရွေ့ဖြတ်သန်းလာပြီဆိုတာနဲ့ ပထမဆုံး ဖားတစ်ကောင်က

အော်လိုက်တယ်။

http://mmteashop.com

http://mmteashop.com

သူဟာ ငါတို့ရွာက ရေကန်ကြီးထဲမှာ ခုန်ဆွခုန်ဆွနဲ့

မှန်ပါတယ်

သူအော်ပြီးလို့ မကြာခင်မှာ မိုးရေစက်တွေဟာ

မိုးကောင်ကင်က ကျလာတယ်

မိုးတဖြိုင်ဖြိုင်သွန်းပေါ့

ဖားအော်သံတွေကို ငါတို့ တစ်ရွာလုံးညံစီစီကြားကြရပြီ

မိုးကာလကို ပြန်လည်ရောက်ရှိလာခဲ့ပြီလေ

ငါတို့ရွာက ရေကန်ကြီးထဲမှာ ရေတွေဖွေးပေါ့

ငါတို့ရွာက ရေကန်ကြီးထဲမှာလေ ကြာပန်းတွေဘယ်သူ့အတွက်

ပွင့်နေပြန်ပြီလဲ။ ။

---

# ဝက်သိုးကြီး

ရွှံ့တွေ အညစ်အကြေးတွေထဲမှာ နှစ်နှစ်ခြိုက်ခြိုက်

အိပ်လို့ ဝက်သိုးကြီး

သူ့အရေပြားတွေ ပေါင်းနွမ်းပေါ့

သူ့အမွေးအမှင်တွေ ကျိုးတိုးကျဲတဲ

သူ့အမြီးကရွှံ့ထဲမှာ

ဝက်သိုးကြီး

အိုမင်းခဲ့ပြီ တရှူးရှူးမြည်ကာအိပ်လို့

ဩော် . . . စျေးပျစ် ရွှံ့တွေ အညစ်အကြေးတွေဟာ အေးလို့ထင်ရဲ့

အဲဒီအထဲမှာ သူအိပ်နေတယ် တစ်ဝက်တစ်ပျက် ဝက်ခြံရဲ့အမိုးအောက်မှာ

နှစ်နှစ်ခြိုက်ခြိုက်

နိမ့်လိုက်မြင့်လိုက်

လှုပ်နေတဲ့ သူ့ဝမ်းဗိုက်ဟာ သူရှင်သန်ဆဲဖြစ်ကြောင်း ဖော်ပြနေတာပါပဲ

http://mmteashop.com

ဝက်သိုးကြီး

သူ့လက်ကျန် အင်အားဟာ ခုလို

အိပ်စက်ဖို့ ကောင်းစွာ အသုံးဝင်ပေတယ်

သူ့နံဘေး တစ်ဖက်မှာ နေရောင်ခြည်

တစ်ဖက်မှာ သစ်သားနဲ့ လုပ်ထားတဲ့ အစာခွက်

သူကုန်အောင် မစားနိုင်ဘူး

ဒီအတိုင်း ပစ်ထားပြီး အိပ်နေလိုက်တော့တယ်

စေးပျစ်စွတ်စိုရွှံ့တွေ အညစ်အကြေးတွေထဲမှာ

ဟုတ်တယ်

သိပ်အေးတာကိုး။ ။

http://mmteashop.com

# ဒီဘဝမှာ ငါရတဲ့ဝေစု

(မင်း ငါ့ကို သိပ်ချစ်တာပဲလားလို့ မေးတဲ့)

ဇနီး- ၁

(အဖေကို စိတ်တိုင်းသိပ်မကျတဲ့)

သား-၂

(ငါနဲ့ စိတ်ဓာတ်တော်တော်တူတဲ့)

သမီး- ၁

အိမ်ကလေးတစ်လုံး၊ ရေကန်လေးတစ်ကန်

အသီးသီးတဲ့ ဗာဒံပင်လေးတစ်ပင်

ဟုတ်ယောင်ထင်မှတ်မှားမှုတစ်ခု

တစ်ဝက်တစ်ပျက် အောင်မြင်ကျော်ကြားမှုတစ်ခု

အပြင်းစား သံဝေဂ ၁ ခု

ပိုက်ဆံအိတ်အခွံ ၁ ခု



http://mmteashop.com

ငွေစက္ကူ နည်းနည်းပါတဲ့ ပိုက်ဆံအိတ် ၁

မရေးရသေးတဲ့ ဝတ္ထုကို ၃၂ ပုဒ်

ဂုဏ်ပြုဆုလက်မှတ် ၁ စောင်

အပေါင်လက်မှတ် ၁ ရွက်

ဆဲရေးသံ(အလုံအလောက်)

ပုလင်းခွံတစ်လုံး

(အရင်တုန်းကငံပြာရည်ထည့်တာ)

ဖောင်တိန်တစ်ချောင်း

(ဖောင်တိန်ထဲမှာ ငါတို့မျက်ရည်တွေ)

ကင်ဆာဆဲလ်တွေ ဖော်ပြထားတဲ့ ဓာတ်မှန်တစ်ချပ်

မှန်လာချဉ် ပုလင်းကလေးတစ်လုံး

ပြုံးရယ်နေတဲ့ ငါတို့မိသားစုဓာတ်ပုံတစ်ပုံ။ ။

http://mmteashop.com

# သည်ဒုက္ခမှာ မြူးမိတယ်

သည်ဒုက္ခမှာ မြူးမိတယ်။

ဩော် . . . ဒုက္ခ ဒုက္ခ .... ။

သည်ဒုက္ခမှာ မြူးမိတယ်။

ဩော် . . . ဒုက္ခ ဒုက္ခ .... ။

သင်ဟာ ဒုက္ခလို့ ထင်ရက်စရာ မရှိအောင်ပါပဲ။

သင့်ကိုယ်သင်းနံ့က ငါ့ကို ကလေးဘဝဆီထိ ပြန်အမှတ်ရစေပြီး တောင်ကုန်းကြီး တစ်ခုပေါ်ကို တေးတကြော်ကြော်နဲ့ တက်နေမိသလို ပါပဲကွာ။

သည်ဒုက္ခမှာ မြူးမိတယ်။

သင့်ဆံနွယ်တွေဟာ မဟူရာ။ ငါ့ကိုဖမ်းယူမယ့် မဟူရာကွန်ယက်လို့ မသိတတ်နိုင်အောင်ပါပဲ။ မဟူရာ ကွန်ယက်ထဲမှာ ငါဟာငြိတွယ်ခဲ့။

http://mmteashop.com

သည်ဒုက္ခမှာမြူးမိတယ်။

ဩော် . . . ဒုက္ခ ဒုက္ခ .... ။

မြူးမိလေပေါ့ သည်ဒုက္ခမှာ။

ညအခါ ကြယ်စင်မင်းထွန်းလင်းသလို

ဝင်းဝင်းပပ ရွှန်းမြ မင်းမျက်ဝန်းတွေ တစ်ကမ္ဘာ ငါမက်မြင်ဖို့ အိပ်မက်တွေဟာ လတ်လတ်ဆတ်ဆတ် အတောင်တဖျပ်ဖျပ် ခတ်သံတောင် ကြားမိပါရဲ့။

အဲသည် လှောင်အိမ်ထဲထိ သည်ဒုက္ခမှာမြူးမိတယ်။

ငါ့ကိုယ်ငါ ....

အတန်တန် စိတ်ထိန်းခဲ့ပါရဲ့။

ဒါပေမယ့် သည်ဒုက္ခမှာမြူးမိတယ်။

အခွင့်လွှတ်တော်မူကြပါဘိ။

သည်ဒုက္ခမှာ ငါမြူးမိပါလေပေါ့။

ဒုက္ခတရားက နူးညံ့လေတော့ ဒုက္ခတရားဟာ နူးညံ့ပြီး အဲဒီနူးညံ့မှုထဲမှာ



http://mmteashop.com

လွမ်းမောဖွယ် ပုံပြင်တွေအများကြီး မြှုပ်နှံထားလေတော့

ဪ . . .

နူးညံ့မှုထဲကပုံပြင်တွေဆီ သီချင်းတအေးအေးနဲ့ ရောက်ခဲ့ဖူးလေ

သူ့အဖို့မှာ သည်လို ရေရွတ်မိပါတယ်ကွယ်။

သည်ဒုက္ခမှာမြူးမိတယ်။

အမှန်ပါပဲ ငါမြူးမိတယ်ကွဲ့ သည်ဒုက္ခမှာ။

နေပါဦး ဒုက္ခရဲ့

မင်းကငါ့ကို အန္ဓဖြစ်အောင်လုပ်နေတာလား။

အေး .... ငါမေးလိုက်မယ် ဘာဖြစ်လို့ ဒီလောက်တောင် လှနေရတာလဲကွယ်။ ။



http://mmteashop.com

# ကျွန်ုပ်ဆိုက်ရောက်ခြင်း

သူလာတယ်

ကမ္ဘာဦးနေ့မရောက်မီ အရင်တစ်ရက်က

သူနဲ့အတူ အိတ်ကြီးတစ်လုံးပါတယ်

အိတ်ကြီးထဲမှာ ROCK သီချင်းသံတွေ ဆူညံနေတဲ့

သတ္တုမြို့ ကြီးတစ်မြို့ပါတယ်

အိတ်ကြီးကို သူထမ်းပြီး ရောက်လာတယ်

ဟိုဟိုသည်သည်ကြည့်တယ်

သူ့ အိတ်ကြီးထဲမှာ ဒိုင်နိုဆော ၃ ကောင်

နဲ့ ဒါဝင်ရဲ့ မျောက်တစ်ကောင်ပါတယ်

ဒါကြောင့် အိတ်ကြီးက လှုပ်နေတာပေါ့

ဗီဆူဗီးယပ် မီးတောင်ပါတယ်၊ ထရမ်းပက် တစ်လက်ပါတယ်

ခေါင်းကိုက်ပျောက်ဆေးပြားနဲ့ ကွန်ဒုံးတွေလည်းပါတယ်

http://mmteashop.com

အိတ်ကြီးက တော်တော်လေးမယ့်ပုံပဲ

သူ အဝေးကြီးက ထမ်းယူလာတယ် ဒီကို

ကမ္ဘာဦးနေ့မရောက်မီ အရင်တစ်ရက်က။

အိတ်ကြီးထဲမှာ ပြေးနေတဲ့ သားကောင်တွေပါတယ်

ပိုပြီး မြန်မြန်ပြေးနေတဲ့ အမဲလိုက်သမားတွေပါတယ်

ရှိဘော့တွေပါတယ်၊ ရွှေငါးမျှားချိတ်ပါတယ်

မိခင်အုပ်ထိမ်းသော ခေတ်ပါတယ်

အဏုမြူဗုံးပါတယ် ဟီရိုရှီးမားမြို့လည်းပါတယ်

အိတ်ကြီးထဲမှာ

ခင်ဗျားပြန်လှည့်သွားတော့ဗျာ လို့

တစ်စုံတစ်ယောက်က ပြောလိုက်ရင် သူဟာ

အိတ်ကြီးကို ထမ်းပြီး လာလမ်းကိုပြန်လှည့်သွားမှာပါပဲ

ဒါပေမယ့် အဲဒီအချိန်က

http://mmteashop.com

သူ့ကိုပြောဖို့ ဘယ်သူမှ မရှိကြဘူးလေ

ပိုပြီးဆိုးတာက ဘာသာစကားကလည်းမရှိသေးတာပဲ

သူ့အိတ်ကြီးဟာ လှုပ်နေတယ်

လှုပ်နေတဲ့ အိတ်ကြီးထဲမှာ ဖဲချပ်နဲ့

ခရီးသွား လက်မှတ်တွေပါတယ်

ခရီးသွား လက်မှတ်တွေက ကိုပင်ဟေဂင်၊ ဆန်ဖရန်စစ္စကို

ဂျိုဟာနစ္စဘတ်၊ သာကေတနဲ့

ငရဲပြည်ကနေ ကောင်းကင်ဘုံထိတောင်သွားနိုင်တယ် ဆိုပဲ

သေချာစွာ ချိန်းဆိုထားသူ တစ်ယောက်လို

သူရောက်လာတယ်

ကမ္ဘာဦးနေ့မရောက်မီ အရင်တစ်ရက်က

အိတ်ကြီးကို ထမ်းပိုးလို့

အိတ်ကြီးထဲမှာ တန်ဖိုးမသတ်မှတ်ရသေးတဲ့

http://mmteashop.com

သတ္တုတွင်း တစ်တွင်းပါတယ်၊ သံပတ်ပေးထားတဲ့ ငြင်းခုန်မှုတစ်ခုပါတယ်

ကဗျာရေးလို့ရတဲ့ ဖောင်တိန်တစ်ချောင်းပါတယ်

ဆိုင်ယာနိုက် အဆိပ်လည်းပါတယ်

အိတ်ကြီးက ကြီးတယ်

တော်တော်ကြီးတယ်၊ တော်တော့်ကိုကြီးတယ်

အတိုင်းအတာ ယူနစ်တွေမရှိသေးတဲ့ အချိန်ကဆိုတော့

ဘယ်လောက်ကြီးများကြီးသလဲလို့အတိအကျ ပြောဖို့ခက်ပေတယ်

ဒါပေမယ့် ကြီးမားလှတယ်

အဲဒီအိတ်ကြီးထဲမှာ

အက်တမ်၊ နယူကလီယပ်နဲ့ ပရိုတွန်အမှုန်တွေပါတယ်

ကျောက်တုံးတွေပါတယ်၊ ဗေဒင်ဟောစာတမ်းတွေပါတယ်

ရော်နယ်ရီဂင်၊ မိုက်ကယ်ဂျက်ဆင်နဲ့ ဖားပြုပ်တစ်ကောင်လည်းပါတယ်

အိတ်ကြီးထဲမှာ ရှားရှားပါးပါးမို့

http://mmteashop.com

ပုလင်းလေးထဲထည့်ပြီးသိမ်းထားရတဲ့

"ဘာမှမရှိခြင်း"လည်း ပါသတဲ့

အိတ်ကြီးထဲမှာ

ကဲကလေတာ တစ်လုံးပါတယ်

စီဒီရွှမ် တစ်ချပ်ပါတယ်

ရေနွေးငွေ့အကြောင်း မှတ်တမ်းတင် ထားတဲ့ ကျမ်းတစ်စောင်လည်း ပါတယ်

အသင့်ပြုလုပ်ပြီး စစ်ပွဲတစ်ပွဲပါတယ်၊ ချိုးဖြူငှက်တစ်ကောင်ပါတယ်

မက်မုံသီးတွေလည်းပါတယ်။

ငါက အဲဒီအိတ်ကြီးရဲ့ အပေါက်ကလေး တစ်ပေါက်ကနေ ထွက်ကျနေခဲ့

သူပါ။ မင်းဆီကိုလာတာ ဒါကြောင့် အခုမှပဲရောက်တာပေါ့။ ။

http://mmteashop.com

# ငှါဖန်ခွက်ထဲ ၂ ပက်လောက်

ဒီနေ့ရာသီဥတု ဆိုးရွားတယ်

နှင်းတွေစိမ့်နေအောင်ကျလို့၊ ဒုက္ခပဲ

ငှါဖန်ခွက်ထဲ ၂ ပက်လောက်

ဆိုင်အပြင်ဘက် ရပ်ထားတဲ့ လှည်းဆွဲမြင်းတစ်ကောင်

တရှူးရှူးနှာမှုတ်လို့၊ သူ့အခိုးအငွေ့တွေလူးလွန့်

ခွာရှပ်လို့၊ တဒုတ်ဒုတ်

ငှါဖန်ခွက်ထဲ ၂ ပက်လောက်

အဖွားကြီးကို ငါသတိရမိ

ပြတင်းပေါက်တွေ ပိတ်ထားလိုက်

ငှါဖန်ခွက်ထဲ ၂ ပက်လောက်

နေရောင်ခြည်မမြင်ရတာ ရက်သတ္တပတ်ရှိပြီ

ကုတ်အင်္ကျီကလည်း ခုထိမလျှော်ဖွပ်ရသေးဘူး

http://mmteashop.com

ထရပ်ကားကြီးတွေ ဖြတ်မောင်းသွားသံလည်း

ခုထိမကြားရသေးဘူး

တစ်ဆောင်းတွင်းလုံး ပန်ကာတွေရပ်တန့်

ငါနေချင်သလိုနေမိတယ်

ငါ့ဖန်ခွက်ထဲ ၂ ပက်လောက်

ဟိုတစ်ယောက်

ဘာကိစ္စ ပြတင်းကနေအပြင်

ငေးနေရတာလဲ

နှင်းထဲမှာ ဘာမှမရှိဘူး

လမ်းတွေက သွေးကိုခဲစေလိမ့်

လမ်းတွေက အိမ်မက်ကိုခဲစေလိမ့်

လမ်းတွေက အသံကို ခဲစေလိမ့်

လမ်းတွေက . . . . . .

နံရံတွေက အေးစက်ကြွပ်ဆတ်လို့

http://mmteashop.com

တံခါးဝမှာ ရပ်နေတဲ့ခွေး ခဲသွားပြီ၊ မရွှေ့တော့ဘူး

ဒီမှာ ပြောတာကြားလား

ငါ့ဖန်ခွက်ထဲ ၂ ပက်လောက်

ဘယ်အချိန်က ငါထိုင်သောက်နေတာလဲ

မနက်ကလား၊ မနေ့ကလား

မနှစ်တုန်းကလား

ဆိုင်မဖွင့်ခင် ဩဂုတ်လရဲ့ စနေနေ့မနက်ကတည်းကလား

ခရစ်တော်မပေါ်မီကလား

ငါမမူးသေးဘူး

ငါ့ဖန်ခွက်ထဲ ၂ ပက်လောက်

ဟော့ . . . ဒီမယ်

အဲဒီ သစ်သားစည်ထဲကနေ ဟောဒီ

ဖန်ခွက်ထဲကို ပြောင်းထည့်လိုက်ရုံပဲ

ဒါပါပဲကွ

http://mmteashop.com

http://mmteashop.com

ငါ့ဖန်ခွက်ထဲ ၂ ပက်လောက်

ထပ်ပြောမယ်

ငါ့ဖန်ခွက်ထဲ ၂ ပက်လောက်

နှင်းတွေထဲ လွှားခနဲ လွှားခနဲ

ပြေးနေတဲ့ မြေခွေး

သူမရပ်တော့ဘူး

ရေခဲပြင်ကြီး တစ်ခုပေါ်ကနေ နောက်ထပ်

ရေခဲပြင်ကြီး တစ်ခုပေါ် အအေးဓာတ်က

တလှစ်လှစ်

ဆောင်းရက် တစ်ရက်ကနေ နောက်ထပ်

ဆောင်းရက်တစ်ရက်ဆီ အထီးကျန်မှုဟာ

တရွေ့ရွေ့

ငါစဉ်းစားလို့မရတာက ဖန်ခွက်ထဲက အရက်တွေ

ဘယ်သူ သောက်သွားတာလဲ၊ ဖြေကြ

ငါအော်ပြောနေတယ် ဒီမှာ

ငှါဖန်ခွက်ထဲ ၂ ပက်လောက်။ ။

http://mmteashop.com

# နွားပြာကြီးအကြောင်းဖွဲ့ ခေတ်ပေါ်ကဗျာ

နွားပြာကြီးအကြောင်း

ကဗျာကောင်းကောင်းတစ်ပုဒ်လောက်

ငါရေးချင်တယ်

ရှေးအခါက ရှေးဆရာတွေ ရှေးကဗျာနဲ့ဖွဲ့သလို

ခေတ်ပေါ်အခါမှာ ခေတ်ပေါ်ကဗျာနဲ့

နွားပြာကြီးကိုဖွဲ့ဆိုမယ်။

နွားပြာကြီးကိုဖွဲ့ဆိုဖို့

နွားပြာကြီးဆီကို ငါသွား

နွားပြာကြီးနားမှာ ငါနေခဲ့

နွားပြာကြီးကဲ့သို့ လမ်းလျှောက်

ရေသောက်ရင်လည်း နွားပြာကြီးလို

နွားပြာကြီးလို သခင်ကိုကြည့်

http://mmteashop.com

ဩော် . . . အဲဒီလိုအကြည့်နဲ့ ကမ္ဘာကြီးကို ကြည့်မိလေတော့မှ

ငါဟာ နွားပြာကြီးကို ကောင်းစွာနားလည်ခဲ့ရရဲ့

နွားပြာကြီးမှာ အောက်သွားတွေ မရှိတော့ပါဘူးကွယ်

ငါဟာ နွားပြာကြီးရှေ့မှာရပ် ငါ့မင်းကိုကဗျာစပ်မလို့ကွဲ့လို့

ပြောမိတယ်။

နွားပြာကြီးဟာ စာရွက်ထဲကိုလမ်းလျှောက်

စာရွက်ကို ထွန်ယက်ဖို့ ဝင်ရောက်လာတယ်

ကြမ်းထော် အဖေးတက်နေတဲ့ သူ့ပခုံးကိုဆတ်ခနဲ တွန့်လိုက်

ဆတ်ခနဲ၊ ထပ်ပြီးတော့ ဆတ်ခနဲ

ငါက အကျအန သူ့ကိုကြည့်ရှုပြီး

ဟောဒီလို ကဗျာဖွဲ့တယ်

နွားပြာကြီးရေ မင်းခြေရာခွက်ထဲမှာ

သဘော်တွေ ခုတ်မောင်းနေလေရဲ့

သဘော်ထဲမှာ ကိုလံဘတ်အသစ် တစ်ယောက်လည်းပါသကွဲ့

http://mmteashop.com

http://mmteashop.com

နွားပြာကြီးရေ

ကောက်ရိုးထဲမှာ နှမ်းဖတ်နည်းနည်းပဲပါပေမယ့်

အရသာရှိရဲ့မဟုတ်လား

ကောက်ရိုးထဲမှာ နှမ်းဖတ်မပါတဲ့နေ့တွေ

ရောက်လာလိမ့်မယ်

မင်း မြိန်ယှက်ပါစေကွယ်

နွားပြာကြီးရဲ့ ကြမ်းထော်ထော်ပုခုံးဟာ

လှည်းဘီးတွေကိုလည်စေခဲ့တယ်

လည်နေတဲ့ ဘီးတွေဟာ ကျေးလက်နဲ့မြို့ကြီးကို

ချစ်ခင်ရင်းနှီးမှုပိုစေခဲ့

နွားပြာကြီးရေ

ငါ့အဖေဟာ . . . မင်းအရေပြားကို ပုံကျက်လို့တီးခဲ့တယ်

အဲဒီပုံသံကြားရင် လူတွေ ကခုန်ကြတယ်

ပုံထဲမှာ မင်းအရေပြားဟာ တုန်ခါလို့

တုန်ခါမှုဟာ ဂီတဖြစ်လို့

ဂီတထဲမှာ ငါတို့မြူးတူးမိကြတယ် အခါခါ

နွားပြာကြီးရေ

မင်းဦးချိုကို လေးခွလုပ်လို့

တွေ့ကရာကို ငါတို့လက်တည့်စမ်းခဲ့ဖူးပေသပေါ့

နွားပြာကြီးရေ

မင်းဦးချိုကို တံပိုးခရာလုပ်

လေတဟူးဟူး လွင့်ပြင်ပေါ်မှာရပ်ပြီး

ငါတို့မှုတ်ခဲ့ဖူးပေသပေါ့

နွားပြာကြီးရေ

မင်းနံရိုးငေါငေါတွေဟာ ငါတို့အတွက်

ခွန်အားတွေ ဘယ်လောက် ထုတ်လုပ်ပေးခဲ့တယ် ဆိုတာ

ထင်ရှားတဲ့ အမှတ်အသားတစ်ခုပါပဲ။

နွားပြာကြီးတစ်ကောင်အဖို့

http://mmteashop.com

အောက်သွား မရှိတဲ့နေ့ရက်တွေဟာ ရောက်လာစမြဲပါကွာ

ဟုတ်ရဲ့လား နွားပြာကြီးရဲ့

နွားပြာကြီးရေ

မြက်ခင်းစိမ်းစိမ်းကြီးတစ်ခုကို

မင်းအိပ်မက်မက်ခဲ့ဖူးသလား

လာပါ နွားပြာကြီးရဲ့

မင်းနဲ့ငါ အစိမ်းရောင်ကမ္ဘာကြီးဆီသွားကြမကွဲ့။ ။

http://mmteashop.com

# မနက်ပြာ

မနက်ပြာဟာ ဒီအိမ်မှာအကြီးဆုံး

ဒီအိမ်မှာ မနက်မနက် အစောဆုံးထသူဟာ မနက်ပြာပေါ့

မနက်ပြာက ခပ်ပိန်ပိန်။ ပြီးတော့ ခပ်ပြားပြား။

ပြီးတော့ သွားနည်းနည်းခေါတယ်

ပြားချပ်ချပ်ခန္ဓာကိုယ်မှာ

ပိန်သွယ်သွယ်ခြေဆံလက်ဆံတွေ တပ်ဆင်ထားတာဟာ

မနက်ပြာပေါ့

မနက်ပြာရဲ့အသားအရေဟာ နက်လည်းနက်တယ် ပြာလည်းပြာတယ်

ဒါကြောင့်ပဲ သူ့ကိုဒီလိုခေါ်ကြတယ် မနက်ပြာလို့

မနက်ပြာဟာ မနက်အစောကြီးထတယ်

သူ့ကိုယ်ခန္ဓာမှာ အိုးမဲတွေ ပေတူးလာတဲ့အထိ မီးဖိုချောင်ဝင်တယ်

မီးဖိုချောင်မှာ မီးခိုးတွေအူထနေပြီဆို

http://mmteashop.com

မနက်ပြာကို မီးခိုးတွေကြားမှာတွေ့ရတယ်

သူ့ဆံပင်ပေါ်မှာ ပြာစတွေပေလို့ ၊ သူ့ဆံပင်ထဲမှာ သန်းတွေ တရွရွသွားလို့

သူ့ကိုယ်ပေါ်မှာ ချေးညှော်တွေနဲ့

သူ့ညီမတွေက အိပ်ရာထဲမှာအိပ်လို့ကောင်းတုန်း

ဟိုဘက်ကိုလူးလိုက်၊ ဒီဘက်လှမ့်လိုက်

မနက်ပြာတို့ ခြံဝင်းအစပ်က စံပယ်ရုံမှာ စံပယ်တွေဖွေးလို့

ဒါကို မနက်ပြာကရူးတယ်

မနက်ပြာတို့ခြံဝင်းနောက်ဖေးမှာ နောက်ချေးပုံတွေမည်းပွလို့

ဒါကို မနက်ပြာကျုံးတယ်

မနက်ပြာတို့ နွားမကြီးနစ်ကောင် နို့အုံကြီးတွေဖောင်းကားလို့

ဒါကို မနက်ပြာညှစ်တယ်

မနက်ပြာတို့အိမ်ရဲ့ ဟိုတစ်ဖက်မှာ ချောင်းရေတာလှုပ်လှုပ်စီးလို့

ဒါကို မနက်ပြာခပ်တယ်

မနက်ပြာဟာ ရေချိုးဖို့သတိမရဘူး

http://mmteashop.com

တစ်အိမ်လုံးစာ ရေခပ်ဖို့ပဲသတိရတယ်

မနက်ပြာဟာ သနပ်ခါးလိမ်းဖို့ သတိမရဘူး

သူ့ညီမတွေလိမ်းဖို့ သနပ်ခါးသွေးဖို့ပဲ သတိရတယ်

မနက်ပြာဟာ ခြံထွက်နွားနို့သောက်ဖို့ထက်

ခြံအတွက် နွားစာရိတ်ဖို့ကိုပဲ အမြဲစိတ်ရှိသူပေါ့

မီးဖိုချောင်မှာ ထမင်းအိုးကျက်ရင် စည်းရိုးက

ကင်းပုံရွက်တွေခူးတယ် ပြီးရင်

ရေစင်စင်ဆေး သူ့ညီမတွေအိပ်ရာထ စားဖို့ ပူပူနွေးနွေးဟင်းတစ်အိုး

တည်တယ်လေ။ အိပ်ရာနိုးလာတဲ့ ညီမတွေက

အစ်မကြီး ညကအိပ်မက်ထဲမှာ အစ်မကြီးက နတ်သမီးလေးလိုပဲ

လှလိုက်တာလို့ ပြောကြရင် မနက်ပြာဟာ

ခေါ်နေတဲ့ သူ့သွားလေးတွေပေါ်အောင်ပြုံးရယ်တယ်

သြော် . . . မနက်ပြာ

သူ ဒီလိုမြှောက်ပင့်ပြောတာကို ကျေနပ်နေရှာသလား

http://mmteashop.com

အစ်မကြီး ညီမတို့အဝတ်ပေတွေ

နေ့လယ်ကျ လျှော်ပေးဦးနော်၊ အစ်မကမှ

ဖြူအောင်ဖွပ်နိုင်တာတဲ့၊ ညီမတွေက

ဒီလိုပြောတဲ့အခါ၊ မနက်ပြာဟာ အဝတ်ပေတွေလိုက်စုတော့တာပဲ

အဝတ်ပေတွေစုပြီးတဲ့အခါ ဆပ်ပြာတောင့် ခါးထိုး၊ အဝတ်ထုပ် ခေါင်းပေါ်ရွက်ပြီး ရေဆိပ်ကိုဆင်း တဖုန်းဖုန်းဖွပ်တော့တာပဲ

အဲဒီအခါ မနက်ပြာဟာ တစ်ယောက်တည်းပြုံးရယ်ရှာတယ်

အဝတ်တွေလျှော်ဖွပ်ပြီးလို့ ရေဆိပ်ကတက်လာပေမယ့်

သူ့ကိုယ်သူရေချိုးဖို့ သတိမရတဲ့ မနက်ပြာပေါ့

ဒါကြောင့် သူ့ကိုယ်ဟာ အမြဲစေးထန်းထန်းနဲ့ ချဉ်စူးစူးဖြစ်နေတာလေ

ညည မနက်ပြာချက်ပြုတ်ထားတာကိုစားပြီးကြတဲ့

ညီမတွေ ညောင်းရှာလို့တဲ့ မနက်ပြာကို

တစ်ယောက်တစ်လှည့် နင်းခိုင်းကြတယ်

တစ်ယောက်တစ်လှည့် နှိပ်ခိုင်းကြတယ်

သိပ်ညောင်းတာပဲ . . . ဈေးရောင်းပြန်လာတဲ့ ညီမကပြောတယ်

http://mmteashop.com

သိပ်ညောင်းတာပဲ . . . မောင်းထောင်းတဲ့ ညီမကလည်းပြောတယ်

ညောင်းလိုက်တာ . . . လယ်တောကပြန်လာတဲ့ ညီမကလည်းပြောတယ်

မနက်ပြာဟာ ညီအစ်မသုံးယောက်ကို နှိပ်ပေးရပါတယ်

မနက်ပြာဟာ ညီအစ်မသုံးယောက်ကို နင်းပေးရပါတယ်

အစ်မကြီး ပုံပြောပါဦး . . . လို့ညီမတွေကဆိုလေတော့

တစ်ခါတုန်းက အစချီကာ မနက်ပြာဟာ သူ့စိတ်ထဲမြင်သမျှ

ပေါက်တတ်ကရတွေကို စိတ်ကူးတည့်ရာလျှောက်ပြောတော့တာပဲ

ညီမတွေကနားထောင်ကြရင်း

အစ်မကြီး မင်းသားလေးက အစ်မကြီးရဲ့ရည်းစားလားလို့

မေးကြတဲ့အခါ

မနက်ပြာက ဟုတ်ချင်ဟုတ်မှာပေါ့လို့ဖြေတယ်

တစ်ခါတလေကျတော့ ငါမသိဘူးအေလို့ ဖြေတယ်

ဒုတိယ အဖြေဟာ ပိုမှန်ပါလိမ့်မယ်

သူ့ကိုယ်သူ မသိသူဟာ မနက်ပြာဖြစ်ပါတယ်



http://mmteashop.com

http://mmteashop.com

သူသိတာက ညီမတွေခိုင်းတာ လုပ်ပေးဖို့

ညီမတွေ မခိုင်းတာ လုပ်နေဖို့ပါပဲ။

မနက်ပြာဟာ သူ့အသက် ဘယ်နနှစ်ရှိပြီလဲမသိဘူး

မနက်ပြာဟာ ဒီနေ့ စနေလား၊ တနင်္ဂနွေလားမသိဘူး

မနက်ပြာဟာ မြို့ကို ဘယ်လမ်းက သွားရတယ်ဆိုတာ မသိဘူး

မနက်ပြာဟာ မုန့်ကြွပ်နဲ့နို့ဆီ သိပ်ကြိုက်တယ်

ဒါပေမယ့် မုန့်ကြွပ်နဲ့နို့ဆီ ဘယ်ကဖြစ်တယ်ဆိုတာ မသိဘူး

မြို့ကိုသွားတဲ့ မော်တော်ကားဘီးတွေ

ဘာ့ကြောင့်လည်နေသလဲ ဆိုတာမသိသူ မနက်ပြာပေါ့

ဒါပေမယ့် သူသိတာတစ်ခုတော့ရှိတယ်

အဲဒါကတော့ သူဟာ မနက်ပြာဖြစ်တယ် ဆိုတာပါပဲ။

မိုးချုပ်ပြီ။

အပြင်ဘက်ဆီမှာ မှောင်ရီပျိုးပေါ့

သူငယ်တိတ်ဆိတ်ချိန် ရောက်ပေါ့လေ

နွားမကြီးတွေ ခြံထဲမှာရပ်

မှက်ခြင်ယင်တွေ မကပ်အောင်

အမြီးကိုတဖျတ်ဖျတ်ခတ်လို့ မှောင်ထဲမှာ

စားမြုံ့ပြန်နေကြတယ်။

အိမ်ရဲ့ဟိုတစ်ဖက်မှာ ချောင်းရေဟာ ညင်ညင်သာသာစီးဆင်းလို့

မှောင်ထဲမှာ စံပယ်တွေဖူးချိန်

မနက်ပြာဟာ မီးဖိုချောင်ထဲမှာ

မီးခွက်တလှုပ်လှုပ်အလင်းနဲ့ ကြည့်မှန် တစ်ချပ်ကိုကိုင်ကာ

သူ့မျက်နှာကို သူပြန်ကြည့်နေရဲ့

ရှက်စနိုးနဲ့ပြုံးလို့ကွဲ့။ ။

http://mmteashop.com

# ကဗျာရက်စွဲများ

၁။ တစ်ယောက်တည်းစကားပြောခြင်း ................ ဒီဇင်ဘာ၊ ၉၈

၂။ အေးစက်စက်နေ့ရက်များ ....................... ၁၊ ၁၀၊ ၉၈

၃။ မြို့တစ်မြို့အကြောင်းမိတ်ဆက် .................... ဇူလိုင်၊ ၉၈

၄။ ဂျင်နီ သင့်ရဲ့လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်ပါတော့..... ၂၁၊ ၁၂၊ ၉၇

၅။ မြွေမျိုခံရတဲ့ညများ ................................ ၁၆/၁၇၊ ၆၊ ၉၁

၆။ မိမိကိုယ်ကို ဖျော်ဖြေတင်ဆက်မှု .................. ၂၉၊ ၁၀၊ ၉၉

၇။ တနင်္ဂနွေနေ့က ကဗျာဆရာ တစ်ယောက်ရဲ့ရေးသားချက် .....

၄၊ ၁၁၊ ၉၉

၈။ ကြောင် ......................... ၂၆၊ ၈၊ ၂၀၀၀

၉။ ကျွန်တော်ကိုယ်တိုင် နားမလည်တဲ့ကဗျာ ........... ၇၊ ၃၊ ၉၈

၁၀။ ငါ့ရဲ့လက်တွေ .................................. ၃၊ ၆၊ ၀၁

၁၁။ ကုတ်အင်္ကျီ ............................. ၂၆၊ ၆၊ ၀၁

http://mmteashop.com

၁၂။ ဖားပြုပ် .............................. ၂၆၊ ၄၊ ၀၂

၁၃။ ဉာဏ်ပညာထက်မြက်တဲ့မြို့ ........................ ၇၊ ၅၊ ၀၂

၁၄။ လေယာဉ်ပျံ ............................. ၈၊ ၈၊ ၀၄

၁၅။ ဂျက်ကပြောတယ် .............................. ၅၊ ၁၊ ၀၄

၁၆။ ပါမောက္ခကြီးနဲ့ အိမ်ဖော်မလေး .......................... ၂၉၊ ၆၊ ၀၁

၁၇။ ကဗျာဆရာဝံပုလွေ ................................ ၂၇၊ ၁၊ ၀၂

၁၈။ အသံ ............................ ၇၊ ၁၊ ၀၅

၁၉။ လူဖြစ်ရတာကောင်းတယ် ....................... ၄၊ ၂၊ ၀၅

၂၀။ မရှိမဖြစ် လိုအပ်သော အရာဝတ္ထုများ

(အဘိုးကြီးတစ်ယောက်အတွက်) .......................... ၂၅၊ ၅၊ ၀၅

၂၁။ ဘာမှမရှိခြင်းဥယျာဉ် .................................. ၉၊ ၇၊ ၀၅

၂၂။ ဒီအကြောင်းတွေကို ငါတို့ပြောတဲ့အခါ ................. ၁၇၊ ၇၊ ၀၅

၂၃။ ညစာစားပွဲ ............................... ၅၊ ၅၊ ၀၅

၂၄။ ငါတို့ရွာက ရေကန်ကြီး ......................... ၁၅၊ ၈၊ ၀၅

http://mmteashop.com

၂၅။ ဝက်သိုးကြီး ...................................... ၁၄၊ ၈၊ ၀၅

၂၆။ ဒီဘဝမှာ ငါရတဲ့ဝေစု ................................ ၁၄၊ ၈၊ ၀၅

၂၇။ သည်ဒုက္ခမှာ မြူးမိတယ် .......................... ၂၅၊ ၇၊ ၀၅

၂၈။ ကျွန်ုပ်ဆိုက်ရောက်ခြင်း ......................... ၂၂၊ ၈၊ ၀၄

၂၉။ ငါ့ဖန်ခွက်ထဲ နှစ်ပက်လောက် ...................... ၉၊ ၉၊ ၀၅

၃၀။ နွားပြာကြီးအကြောင်းဖွဲ့ခေတ်ပေါ်ကဗျာ ............... ၁၃၊ ၃၊ ၀၅

၃၁။ မနက်ပြာ ..................................... ၂၀၊ ၉၊ ၀၄

http://mmteashop.com